
mgyoe.com
SAMPLE BOOK

# ပိဿာမြေးချိန်

သင့်လူ

# In Evil Hour

by
Gabriel Garcia Marquez



mgyoe.com

mgyoe.com SAMPLE BOOK



K0232

mgyoe.com SAMPLE BOOK

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ပထမအကြိမ် | = | စက်တင်ဘာလ၊ ၂၀၁၄ ခုနှစ်။<br>ကုံကော်ဝတ်ရည်စာပေ |
| အုပ်ရေ | = | ၅၀၀ |
| မျက်နှာဖုံးပုံနှိပ် | = | အောင်သိန်းသန်းပုံနှိပ်တိုက်<br>အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ် | = | စွယ်တော်ပုံနှိပ်တိုက်<br>အမှတ် (၁၄၇)၊ (၅၁) လမ်း၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | = | ဦးကျော်ဇင်၊ ကုံကော်ဝတ်ရည်စာပေ<br>၅၁၊ ရေကျော်လမ်း၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးဒီဇိုင်း | = | ဇော်မောင် |
| တန်ဖိုး | = | ၃၀၀၀ ကျပ် |

၈၉၅.၈၃

သင့်လူ

မိစ္ဆာမြူးချိန် / သင့်လူ။ - ရန်ကုန်။

ကုံကော်ဝတ်ရည်စာပေ၊ ပထမအကြိမ်၊ ၂၀၁၄ ခုနှစ်။

စာမျက်နှာ-၂၀၉၊ ၁၃×၂၀ စင်တီမီတာ။

(၁) မိစ္ဆာမြူးချိန်


mgyoe.com

mgyoe.com SAMPLE BOOK

ဂါဗီယာ မာကေး၏

# မိစ္ဆာမြူးချိန်

## သင့်လူ

မြန်မာပြန်သည်

## IN EVIL HOUR

by

GABRIEL GARCIA MARQUEZ

ကံ့ကော်ဝတ်ရည်စာပေ
အမှတ်-၂၂၊ မဟာဓေယျလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၂၅၀၀၁၂၃၄၈ ၊ ၀၉ ၂၅၉၂၉၁၀၃၇ ၊ ၀၉ ၇၃၀ ၄၁၁၃၇
email: kantkawwutyee@gmail.com

http://kantkawwutyee.myanmaronlinesales.com
တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK



**သင့်လူ**

- ၁၉၇၃ မွေး၊ ဇာတိ ပဲခူး၊ အမည်ရင်း သန့်စင်ထူး၊ အများနည်းတူ ဆိုရှယ်လစ်စနစ်အောက်မှာ ကြီးပြင်းအရွယ်ရောက် လူလားမြောက်၊
- ၁၉၈၈ ကစလို့ ယာယီဆိုပြီး ကမ္ဘာတည်မတတ် ကျောင်းပိတ်တာတွေနဲ့ စွတ်ကယ်စွတ်ကယ်တိုး၊
- ၁၉၈၉ ဆယ်တန်းအောင်၊
- ၁၉၉၃ ဆေးကျောင်းတက်၊
- ၁၉၉၉-၂၀၀၀ မှာ ဘွဲ့ရ၊ ဆေးတက္ကသိုလ် ဆင်စွယ်နန်းတော် ဆိုသဟာမှာ ကျောင်းဆရာ လုပ်၊ အိမ်ထောင်ကျ၊
- ၂၀၀၅ မှာ ဘွဲ့လွန်တက်၊ ချူလာလောင်ကွန်တက္ကသိုလ်က ကျန်းမာရေးဘောဂဗေဒ မဟာသိပ္ပံ ဆိုတဲ့ဘွဲ့ရ၊
- ၂၀၁၃ မှာ ဆေးတက္ကသိုလ်ကနေ ကျန်းမာရေးစီမံကိန်းဦးစီးဌာနကို ပြောင်း၊ ဒုတိယညွှန်ကြားရေးမှူး ရာထူးနဲ့ လက်ရှိအချိန်ထိ နေမြဲ။
  တွေ့သမျှ စာအကုန်ဖတ်၊ ရေးချင်စိတ် ပေါ်လာတဲ့အတွက် စာရေး၊
  ဂါစီယာမာကေးရဲ့ One hundred years of solitude ကို ဘာသာပြန်ရင်း စာပေလောက ဆိုတာထဲရောက်၊ ခုချိန်ထိ ရေးမြဲရေးဆဲ။

mgyoe.com

m g y o e . c o m SAMPLE BOOK
m g y o e . c o m

mgyoe.com SAMPLE BOOK

# အခန်း ၁

ဆရာတော် အိန္ဂျယ်သည် အားယူ၍ ထထိုင်တော်မူလိုက်သည်။ အရိုး အပြိုင်းပြိုင်း ထနေသော လက်ချောင်းများဖြင့် မျက်ခွံများကို ပွတ်ကာ ခြင်ထောင်ထဲမှ ထွက်လိုက်ပြီး ဖျာပေါ်တွင် ငူငူကြီး ထိုင်နေချိန် တဒင်္ဂ အခိုက်အတန့်လေးတွင် သူ အသက်နှင့်ခန္ဓာ တွဲလျက် ရှိသေးသည် ဆိုခြင်းကို လည်းကောင်း၊ တည်ဆဲလက်ရှိ အချိန်ကာလ၏ ရက်၊ လ၊ နှစ်ကို လည်းကောင်း၊ ဒီနေ့သည် သာသနာဝင် ပြက္ခဒိန်ပါ နေ့ထူးနေ့မြတ် ဖြစ်ခြင်းကို လည်းကောင်း ကောင်းစွာ ဆင်ခြင် သုံးသပ် မှတ်မိတော်မူခဲ့သည်။

အောက်တိုဘာလ လေးရက်၊ အင်္ဂါနေ့။

ဆရာတော့် နှုတ်မှ အသံတိုးတိုးလေး တစ်ချက် ထွက်လာခဲ့သည်။

"သူတော်စင် စိန့်ဖရန့်စစ်ရဲ့ နေ့ပါကလား"

ဆရာတော်သည် ကိုယ်လက်သန့်စင်ခြင်းလည်း မပြု၊ ဝတ်ပြု ဆုတောင်းခြင်းလည်း အလျှင်းမရှိဘဲ ကိုယ်ရုံအဝတ်ကို လဲလှယ်၏။

ကြီးခိုင် ကြမ်းတမ်းသည့် အိမ်မွေးနွားကြီး တစ်ကောင်၏ အဆက်အပေါက်မျိုး ရှိသော ဆရာတော်သည် ဘာပူပင်သောကမှ မရှိသော နွားကြီးကဲ့သို့ပင် ဖြည်းဖြည်းအေးအေး လှုပ်ရှားနေခဲ့သည်။ အဝတ်အစား လဲလှယ်ခြင်း

mgyoe.com

mgyoe.com SAMPLE BOOK

အလုပ်ကို စောင်းဆရာ တစ်ဦး စောင်းကြိုးညှိနေသကဲ့သို့ ညင်သာ နူးညံ့စွာ သူ လုပ်ဆောင်နေခဲ့သည်။

ဆရာတော်သည် အိပ်ခန်းတံခါးကို ဖွင့်လိုက်၏။ အပြင်တွင် ထုံးစံအတိုင်း မိုးက ရွာသွန်းနေခဲ့သည်။ မိုးစက်များကြားမှ လှိုက်ခနဲ ရလိုက်သော မွှေးပျံ့ပျံ့ နံ့သာဆီနံ့နှင့်အတူ သီချင်းတစ်ပိုဒ်၏ စာသားများအား အမှတ်ရစေမည့် သံစဉ်တစ်ခုက လေထဲမှာ လွင့်ပျံလျက်။

'ဆုံးစမဲ့ သမုဒ္ဒရာ
ကိုယ့်မျက်ရည်တွေကြောင့်
ပိုကျယ်လာရရှာ'

ဆရာတော်သည် သက်ပြင်းတစ်ချက် လေးလေးကြီး ချလိုက်၏။ သူ ကျိန်းသည့် အိပ်ခန်းနှင့် ဘုရားကျောင်းကို ပန်းအိုးကလေးများ အစီအရီ ရှိနေသည့် စင်္ကြံလမ်းကလေးတစ်ခုဖြင့် ဆက်သွယ်ထား၏။ အုတ်ခဲတွေ ခပ်ကျဲကျဲ ခင်းထားသည့် စင်္ကြံလမ်းတစ်လျှောက် အောက်တိုဘာ မြက်များသည် အုတ်ခဲများကြားမှ အစီအရီ အပြိုင်းအရိုင်း တိုးထွက်စပြုနေခဲ့ပြီ။

ဘုရားကျောင်းတွင်း မဝင်မီ ဆရာတော်သည် အိမ်သာသို့ အရင်ဝင်၏။ မပြီးနိုင် မစီးနိုင်အောင် အပေါ့စွန့်နေချိန်၌ဝယ် ပြင်းလှသည့် အမိုးနီးယားနံ့များကြောင့် မျက်ရည် မကျစေရေးအတွက် ဆရာတော့်ခမျာ အသက်အောင့်ထားရရှာသည်။ ထို့နောက်တွင်တော့ စင်္ကြံလမ်းတစ်လျှောက် လျှောက်လှမ်းလာရင်း-

'ဒီဟောက်သံတစ်ချက်ဟာ
ကိုယ့်ကို
မင့်အိပ်မက်ထဲ
အရောက်ပို့မှာ'

ဆိုသည့် သံစဉ်ကို ကြားနေခဲ့သေးသည်။ ဘုရားကျောင်းထဲ မဝင်မီမှာ နံ့သာဆီမွှေးနံ့ကို နောက်ဆုံးအကြိမ်အဖြစ် သူ ရလိုက်ပြန်သည်။ ဘုရားကျောင်းသို့ အဝင်တံခါး ကျဉ်းကျဉ်းရှည်ရှည်လေးကို သူ အသာ တွန်းဖွင့်လိုက်သည်။ ဘုရားကျောင်းထဲမှာတော့ အနံ့က ခပ်ဆိုးဆိုး။ ဘုရားကျောင်း ကြမ်းခင်းသည် စင်္ကြံလမ်းကဲ့သို့ပင် အုတ်မွဲမွဲကို ခပ်ကျဲကျဲ ခင်းထား၏။ ဆရာတော်သည် ခေါင်းလောင်းထိုးရမည့် မျှော်စင်ရှိရာသို့ တန်းတန်းမတ်မတ် လျှောက်လှမ်းသွားခဲ့သည်။ သူ့ခေါင်းအထက် တစ်ကိုက်အကွာမှာ ချိတ်ဆွဲထားသော နာရီကြီး

mgyoe.com

mgyoe.com

ကို သူတွေ့ရသည်။ နောက်တစ်ပတ်လောက်အထိတော့ နာရီသည် သော့ပေးစရာ မလိုသေးဘဲ ကောင်းစွာ အလုပ်လုပ်နေဦးမည်ဟု သူ ထင်လိုက်မိသည်။

ခုပင် စက်သံများ တဂျစ်ဂျစ် ဆူညံလျက် ငါးနာရီခေါင်းလောင်းကို နာရီက လေးလေးတွဲ့တွဲ့ကြီး ထိုးလိုက်ပြီလေ။

ဆရာတော်သည် နာရီမှ ပဲ့တင်သံ ငြိမ်သက်သွားချိန်အထိ စောင့်ဆိုင်းနေခဲ့သည်။ ထို့နောက် ခေါင်းလောင်းကြိုးကို လက်နှစ်ဖက်ဖြင့် မြဲမြဲကိုင်ပြီး ကြေးခေါင်းလောင်းကြီးကို စတင်ထိုးတော်မူ၏။ သက်တော် ခြောက်ဆယ့်တစ်နှစ် ပြည့်ခဲ့ပြီ ဖြစ်သောကြောင့် ခေါင်းလောင်းထိုးရသည့် အလုပ်မှာ သူ့အတွက် မတန်တဆ ပင်ပန်းလှ၏။

သို့သော်လည်း ဆရာတော်သည် ခေါင်းလောင်းထိုးသည့် အလုပ်ကို အခိုင်းအနှိမ်မပျက် သူကိုယ်တိုင်သာ အမြဲ လုပ်ဆောင်စမြဲ ဖြစ်၏။

◖◗

ဘုရားကျောင်းမှ ခေါင်းလောင်းသံ ထွက်ပေါ်လာချိန်ဝယ် ထရိန္နီဒက်သည် အိမ်တံခါးကို ဖွင့်ကာ ညက သူ ထောင်ထားခဲ့သည့် ကြွက်ထောင်ချောက်များဆီသို့ သွားနေ၏။ ဒီအချိန် ရောက်လေတိုင်း သူ့စိတ်မှာ ဒွိဟတို့ ဒွန်တွဲစမြဲ။ ကြွက်တွေ မိနေတာကိုကြည့်၍ နှစ်သက် ကျေနပ်ခြင်းက တစ်ဖက်၊ ကြောက်ရွံ့ထိတ်လန့်ခြင်းက တစ်ဖက်။ သူ၏ သတ်ပွဲသဘင် အသေးစားလေးပေါ့။

ထရိန္နီဒက်သည် ပထမဆုံးသော ထောက်ချောက်တွင် ကားခနဲ မိနေသည့် ကြွက်ကို လက်မနှင့် လက်ညှိုး နှစ်ချောင်းဖြင့် အမြီးမှ ကိုင်ကာ စက္ကူသေတ္တာလေးထဲ ပစ်ထည့်လိုက်၏။

ထိုအချိန်ဝယ် ဆရာတော်အိန်ဂျယ်သည် ဘုရားကျောင်းတံခါးကို ဖွင့်ကာ အပြင်သို့ ထွက်လာခဲ့သည်။

"မင်္ဂလာ နံနက်ပါ ဆရာတော်"

ထရိန္နီဒက်က ဆရာတော် အိန်ဂျယ်ကို နှုတ်ဆက်လိုက်သည်။

ဆရာတော်သည် ချက်ချင်း ခွန်းတုံ့ မပြန်နိုင်ခဲ့။ လူသူကင်းမဲ့ကာ တိတ်ဆိတ်ခြင်းတို့ ကြီးစိုးနေသည့် မြို့လယ်ရင်ပြင်နှင့် မိုးသည်းသည်းမှာ အိပ်မောကျနေကြသည့် ဗာဒံပင်များကို သူ ငူငူကြီး ငေးနေခဲ့သည်။ အောက်တိုဘာ

mgyoe.com SAMPLE BOOK

အရှေ့တက်တက် နံနက်ခင်းမှာ တုတ်တုတ်မျှ မလှုပ်သည့် လူ့ဘုံခန်းဝါကြောင့် စွန့်ပစ်ခံတစ်ဦး၏ ခံစားချက်မျိုး သူ ဝင်နေခဲ့၏။ သို့သော်လည်း မိုးသံများကြား မလှမ်းမကမ်း တစ်နေရာမှ ပီသ ကြည်မြစွာ ကြားလိုက်ရသည့် ပက်စတာ၏ လေမှုတ်တူရိယာသံကြောင့် သူ ပြန်လည် သတိဝင်လာခဲ့ပြီး ထရီနီဒက်ကို 'မင်္ဂလာ နံနက်ခင်း' ဟု ပြန်လည် နှုတ်ခွန်း ဆက်သလိုက်နိုင်သည်။

"ပက်စတာဟာ ညချမ်းချိန်ခါ ဂီတ ဖျော်ဖြေပွဲမှာ မပါခဲ့ဘူး မဟုတ်လား"

ဆရာတော်အိန်ဂျယ်၏ အမေးကို ကြွက်သေ ထည့်ထားသည့်ဘူးကို ကိုင်ထားခဲ့သည့် ထရီနီဒက်က ပြန်လည် ဖြေကြားခဲ့သည်။

"မပါဘူး ဘုရား၊ ဒီပွဲက ဂစ်တာတွေပဲ ပါခဲ့တာလေ"

ဆရာတော်က အမှတ်ရသွားဟန်ဖြင့်–

"ဟုတ်တယ်၊ ဟုတ်တယ်၊ နှစ်နာရီလုံးလုံး ဆုံးစမဲ့ သမုဒ္ဒရာ ကိုယ့်မျက်ရည်တွေကြောင့် ပိုကျယ်လာရရှာ ဆိုတဲ့ သီချင်းတစ်ပုဒ်တည်းကို သူတို့ ဆိုခဲ့ တီးခဲ့ ကြတာလေ"

"အဲဒါ ပက်စတာ စပ်ထားတဲ့ သီချင်း အသစ်ပေါ့ ဘုရား"

ဘုရားကျောင်း တံခါးဝမှာ တွေတွေကြီး ရပ်ရင်း ဆရာတော်သည် မိန်းမောနေခဲ့သည်။ နံနက် ငါးနာရီထိုးတိုင်းမှာ သူ ပက်စတာ၏ သီချင်းသံကို အချိန်မှန် ကြားကြားနေခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ ပထမဆုံး ငါးနာရီထိုးလျှင် နာရီသံ ငါးချက် မြည်မည်။ ပြီးလျှင် ပထမအကြိမ် ဝတ်တက် ခေါင်းလောင်းကို သူ ထိုးမည်။ ထိုအချိန်တွင် ပက်စတာ၏ လေမှုတ်တူရိယာမှ ထွက်လာသည့် ဂီတသံကို ခြံဝင်းထဲမှာ သဲ့သဲ့ကြားမည်။ ဒါ နိစ္စဓူဝ ဖြစ်နေကျ ကိစ္စ။ နေ့တိုင်း နေ့တိုင်း ထိုဖြစ်စဉ်မှာ အတိအကျ။

"သံစဉ်ကလေးက ကောင်းပါတယ်ကွယ်၊ ဒါပေမဲ့ စကားလုံးတွေ က ဖျင်းလွန်းတယ်။ ဒီယောက်သံ တစ်ချက်ဟာ ကိုယ့်ကို မင့်အိပ်မက်ထဲ အရောက် ပို့မှာတဲ့၊ ဘာမှန်းလဲ မသိဘူး"

ဆရာတော်သည် သူ၏ တွေ့ရှိချက်အသစ်အတွက် ဂုဏ်ယူ ဝမ်းမြောက် ဟန်ဖြင့် ပြုံးတော်မူလိုက်ပြီး ဆီမီးပူဇော်ရန် ဘုရားကျောင်းထဲ ပြန်ဝင်လာခဲ့ သည်။ ထရီနီဒက်က သူ့နောက်မှ လိုက်ပါလာခဲ့သည်။ အဖြူရောင် ဝတ်ရုံရှည် ကြီးကို ဝတ်ထားသည့် ထရီနီဒက်၏ တစ်ဖက်နှင့် တစ်ဖက် ထိလုမတတ် သန်လှ

mgyoe.com

 SAMPLE BOOK 

သည့် မျက်ခုံးထူထူ နှစ်ဖက်အောက်မှ မျက်ဝန်းအစုံသည် မဟူရာရောင် တလက်လက်။

ဆရာတော်က–

"သူတို့ ညတိုင်း ဒီလို တီးမှုတ်နေကြတာပဲလား" ဟု မေးတော်မူ၏။

ထရီနီဒက်က ကြွက်သေ ထည့်ထားသောဘူးကို လှုပ်ကစားရင်း–

"တင်ပါ့၊ မားဂေါ့ရာမီရက်ဇ်အတွက် ပက်စတာ စပ်ထားတဲ့ သီချင်း လို့လည်း ပြောကြတယ် ဘုရား၊ ဒါပေမဲ့ မနေ့ညကတော့ ခါတိုင်း ညချမ်းချိန်ခါ ဂီတပွဲတွေထက် ပိုထူးသတဲ့ ဘုရား"

"ဟော… ဘာဖြစ်လို့တုံးကွဲ့"

"ပစ်စာ ထွက်လာသတဲ့ ဘုရား"

စကားအဆုံးမှာ ထရီနီဒက်က ကြောက်ကြောက်နှင့် ခပ်သဲ့သဲ့ ရယ် လိုက်၏။

၀

ဘုရားကျောင်း အနောက်ဘက် သုံးအိမ်ကျော်ရှိ ဆီဆာမွန်တဲရီးသည် တနင်္ဂနွေည သူ ကြည့်ခဲ့ရသည့် ရုပ်ရှင်ထဲမှ ဆင်များအကြောင်း အိပ်မက်မက် လျက် ရှိ၏။ ထိုညက ရုပ်ရှင်ပြီးဖို့ နာရီဝက်အလိုလောက်မှ စ၍ သဲသဲမဲမဲ ရွာချခဲ့သော မိုးသည် ခု သူ့ အိပ်မက်ထဲတွင် ဆက်လက် ရွာသွန်းဖြိုးနေ၏။ ကြောက်ရွံ့ထိတ်လန့်လျက် ရှိကြသည့် ရွာခံများသည် ဆင်အုပ်ကြီး၏ အန္တရာယ် ကြောင့် ခြေဦးတည့်ရာ ပြေးကြသည့် အခန်းသို့ အရောက်ဝယ် ဆီဆာမွန်တဲရီးသည် သူ့ခန္ဓာကိုယ် အတ္တဘောကြီးကို နံရံဘက်သို့ လှည့်လိုက်သည်။ သူ့မိန်းမက သူ့ကိုယ်ကြီးကို အသာ တွန်းဖယ်ခဲ့သော်လည်း လင်မယား နှစ်ယောက်လုံး မနိုးကြ။ ဆီဆာမွန်တဲရီးသည် နဂိုအနေအထားသို့ ပြန်ပြောင်း လဲလျောင်းကာ ပါးစပ်မှ–

"တို့ ပြေးမှ ဖြစ်မယ်"

ဟု ယောင်ယမ်း ရေရွတ်ရင်း အိပ်ရာမှ နိုးလာခဲ့သည်။ ထိုအချိန်မှာ ဘုရားကျောင်းက ထိုးလိုက်သည့် ဒုတိယအကြိမ် ဝတ်တက် ခေါင်းလောင်းသံ ကို သူ ကြားလိုက်ရသည်။ သူတို့အိပ်ခန်းသည် ခြင်လုံခန်း ဖြစ်၏။ ပြတင်း တံခါးတွင်လည်း ခြင်လုံဆန်ခါ တပ်ထား၏။ အိပ်ရာဘေးမှ စားပွဲပုကလေးပေါ်

mgyoe.com

မှာတော့ ရေဒီယို တစ်လုံး၊ မီးအိမ်တစ်လုံးနှင့် အမှောင်ထဲမှာ မြင်နိုင်သော စားပွဲတင် နာရီ တစ်လုံး ရှိနေ၏။ မျက်နှာချင်းဆိုင် နံရံဘက်မှာတော့ မှန်တံခါး တပ်ထားသော ဧရာမ နံကပ်ဗီရိုကြီးတစ်လုံး ရှိ၏။ မြင်းစီးဖိနပ်များကို စီးနေချိန်တွင် ဆီဆာမွန်တဲရိုးသည် ပက်စတာ၏ တူရိယာသံကို စတင်ကြား၏။ သားရေစိမ်းဖြင့် လုပ်ထားသည့် ဖိနပ်ကား ရွှံ့ခြောက်များကြောင့် မာတောင့်နေ၏။ ဆီဆာမွန်တဲရိုးသည် သားရေထက် ကြမ်းသော သူ့လက်ကြီး နှစ်ဖက်ဖြင့် ဖိနပ်ကို ဖြဲကာ အတင်းစွပ်နေ၏။ ထို့နောက် ဖိနပ်တွင် တပ်ရမည့် ဖနောင့်ဆူးများကို လိုက်ရှာ၏။ ခုတင်အောက်တွင် မတွေ့။ မွန်တဲရိုးသည် သူ့မိန်းမ နိုးသွားမည် စိုးသဖြင့် အမှောင်ထုထဲတွင် အဝတ်အစား လဲလှယ်ခြင်းလုပ်ငန်းကို တတ်နိုင်သမျှ အသံမထွက်အောင် လုပ်နေခဲ့သည်။ အင်္ကျီကြယ်သီး တပ်ပြီးတော့ ဖနောင့်ဆူးတွေကို ကုန်းရှာပြန်၏။ ပထမတော့ လက်နှစ်ဖက် ခုတင်အောက် ထိုးထည့်ပြီး စမ်းသည်။ နောက်တော့ တစ်ကိုယ်လုံး ဝင်ကာ ရှာသည်။ ထိုအချိန်မှာ သူ့မိန်းမ နိုးလာခဲ့သည်။

"ရှင် ဘာတွေ ရှာနေတာလဲ"

"ဖနောင့်ဆူးတွေလေ"

"ဗီရိုထဲမှာလေ၊ စနေနေ့တုန်းက ရှင်ပဲ ဖြုတ်သိမ်းထားခဲ့တာကော"

သူ့မိန်းမက မီးအိမ်ကို ထွန်းညှိလိုက်သည်။ မွန်တဲရိုးက ရှက်ကိုးရှက်ကန်းဖြင့် မတ်တတ်ထရပ်၏။ ကြွက်သား အမြှောင်းမြှောင်းထနေသည့် ဧရာမ ခန္ဓာကိုယ်ပိုင်ရှင် မွန်တဲရိုး၏ လှုပ်ရှားမှုများက ဆတ်တောက်တောက် ဖြစ်နေသည်။ သို့သော် သူသည် အလွန့်အလွန်ကို ကျန်းမာသန်စွမ်းလှ၏။ သူ့အသက်ကို ခန့်မှန်းရ ခက်သော်လည်း လည်ပင်းမှ အရေပြား ပျော့တွဲတွဲကြောင့် ငါးဆယ်ကျော်ပြီဟုတော့ ထင်ရ၏။ မွန်တဲရိုးသည် အိပ်ရာပေါ် ထိုင်ကာ ဖိနပ်တွေမှာ ဆူးများကို တပ်ဆင်၏။

"မိုးရွာနေတုန်းပဲ၊ ရွာလွန်းအားကြီးလို့ ကျွန်မဖြင့် ကိုယ့်ကိုယ်ကိုယ် ရေမြှုပ်ဖြစ်တော့မယ်တောင် ထင်လာတယ်"

မွန်တဲရိုး၏ ဇနီးသည်က အရိုးအဆစ်တွေ ကိုက်ခဲသည့် ဝေဒနာကို ခံစားနေရင်းက မွန်တဲရိုးကို ပြောလိုက်သည်။ သူ့ဇနီးက သေးသေးညှက်ညှက်၊ ရိုးကြီးဂေါင်ဂင်၊ နှာခေါင်းရှည်ရှည်နှင့် အိပ်ရာထဲမှ ထရန်ပင် အားမရှိသည့် ပုံမျိုး။ သို့သော်လည်း အိပ်ရာထက်တွင် ထိုင်ရင်း အပြင်မှာ မိုးရွာနေသည်ကို

mgyoe.com

 mgyoe.com SAMPLE BOOK 

ကြည့်ရန် သူ ကြိုးစားနေခဲ့သည်။ မွန်တဲရိုးသည် ဖနောင့်ဆူးများကို နေသား တကျ တပ်၏။ ရပ်၏။ ကြမ်းကို ဆောင့်၏။ ကြေးနီဖြင့် လုပ်ထားသော ဖနောင့် ဆူးများ၏ ဒဏ်ကြောင့် တစ်အိမ်လုံး သိမ့်သိမ့်ခါသွား၏။ သူက သူ့မိန်းမကို ပြောလိုက်၏။

“ကျားသစ်တွေက အောက်တိုဘာဆို အဆူဖြိုးဆုံးကွ”

သို့သော်လည်း ပက်စတာ၏ ဂီတသံကို အာရုံရောက်နေသည့် သူ့မိန်းမ က သူ့စကားကို မကြား။ ဖျတ်ခနဲ သတိရ၍ သူ့ကို ကြည့်လိုက်တော့ မွန်တဲရိုး သည် ခြေနှစ်ဖက်ကို ကား၊ ခေါင်းကို ငုံ့ကာ မှန်ကြည့်ရင်း ခေါင်းဖြီးနေသည်ကို တွေ့လိုက်ရသည်။ ဧရာမ ဗီရိုတံခါးမှ မှန်က သူ့အတွက် နိမ့်လွန်းနေခဲ့သည်။ မွန်တဲရိုးကတော်က ပက်စတာ့ သီချင်းသံစဉ်ကို ခပ်တိုးတိုး လိုက်ညည်းနေ၏။

“သူ တစ်ညလုံး ဒီသီချင်းပဲ တီးနေ ဆိုနေတာပဲ”

မွန်တဲရိုးက ထိုသို့ ပြောလိုက်သောအခါ သူ့မိန်းမက-

“ဟုတ်တယ်၊ သီချင်းက သိပ်လှ သိပ်ကောင်းတာကိုး”

ဟု ဆိုလိုက်၏။

မွန်တဲရိုးကတော်သည် ဆံပင်ကို သားရေကွင်းဖြင့် စည်းကာ သက်ပြင်း ချရင်း လုံးဝဥဿုံ နိုးထလာခဲ့သည်။ ထို့နောက်တွင်တော့-

“တမလွန်ရဲ့ ဟိုမှာဘက်ဆီက
မင်းအိပ်မက်တွေထဲမှာ
ကိုယ်ပါဝင်ခွင့်
ပေးသနားတော်မူပါ”

ဟု ခပ်တိုးတိုး သီချင်းညည်းလိုက်သည်။

မွန်တဲရိုးကတော့ သူ့မိန်းမ ဘာတွေ ဆိုနေမှန်းလည်း မသိ။ အရေး လည်း မလုပ်။ ဗီရိုအံဆွဲတစ်ခုကို သူဖွင့်လိုက်သည်။ အထဲမှာ လက်ဝတ်ရတနာ အချို့၊ မိန်းမပတ် လက်ပတ်နာရီတစ်လုံး၊ ဖောင်တိန်တစ်ချောင်းနှင့် ငွေစက္ကူ များ ရှိ၏။ မွန်တဲရိုးသည် ငွေစက္ကူ လေးရွက်ကို ထုတ်ယူလိုက်သည်။ ပြီးတော့ နှစ်လုံးပြူး စရိတ်ကျည် ခြောက်တောင့်ကို အိတ်ကပ်ထဲ ထည့်၏။

“မိုးဆက်ရွာနေဦးမယ် ဆိုရင် ငါ စနေနေ့မှ ပြန်ရောက်တော့မယ်”

ဟု သူ့မိန်းမကို ပြောပြီး အိမ်တံခါးကို ဖွင့်လိုက်၏။ တံခါးဝမှာ ခဏရပ်ကာ မှောင်နှင့်မည်းမည်း အောက်တိုဘာရနံ့ကို ခံစားနေ၏။ ထိုအချိန် မှာပင် နာရီနှိုးစက်က မြည်လာခဲ့သည်။

mgyoe.com

mgyoe.com

မွန်တဲရိုး မယောသီသည် ခုတင်ပေါ်မှ ဆင်းကာ နာရီနိုးစက်သံကို ရပ်၏။ ထိုအချိန်ထိ မွန်တဲရိုးသည် အိမ်တံခါးဝတွင် တုဏှိဘာဝေ ရပ်နေတုန်း။ ထို့နောက်တွင်တော့ ထိုနေ့ နံနက်အတွက် ပထမဆုံးအကြိမ်အဖြစ် သူသည် သူ့မိန်းမကို စေ့စေ့ကြည့်လိုက်ပြီး–

''ညက ဆင်တွေအကြောင်း အိပ်မက်မက်တယ်''

ဟု ပြောလိုက်သည်။ ထိုစကားတစ်ခွန်း ပြောအပြီးမှာတော့ မွန်တဲရိုးသည် အိမ်တံခါးကို ပိတ်ကာ သူ့မြည်းကို ကုန်းနှီးဆင်ရန် ထွက်ခွာသွားခဲ့တော့သည်။

ဘုရားကျောင်းမှ တတိယမ္ပိ ဝတ်တက်နှိုးဆော် ခေါင်းလောင်းသံ ထွက်လာချိန်ဝယ် မိုးသည် ပို၍ သည်းလာခဲ့၏။ လေကလည်း သရမ်းလာခဲ့သဖြင့် ပြည်သူ့ရင်ပြင် လမ်းတစ်လျှောက် စီတန်းစိုက်ထားသည့် ဗာဒံပင်တန်းအိုမှ ရွက်ဆွေးတို့ အသက်နှင့် ခန္ဓာကင်းကွာခဲ့ရရှာသည်။ လမ်းမီးများ ငြိမ်းသွားခဲ့ပြီဖြစ်သော်လည်း အိမ်တွေအားလုံး တံခါးပိတ်ထားကြဆဲ။ မွန်တဲရိုးက သူ့မိုးကာအင်္ကျီယူခဲ့ဖို့ သူ့မိန်းမကို အော်ပြောနေခဲ့သည်။ ပခုံးထက်တွင် လွယ်ထားသည့် နှစ်လုံးပြူးကို ချွတ်၍ မြည်းကုန်းနှီးအိတ်တွင် နေသားတကျ ထည့်၏။ ခဏနေတော့ မိုးကာအင်္ကျီ ကိုင်ထားသော သူ့မိန်းမ ပေါ်လာခဲ့သည်။

''မိုးတိတ်တဲ့အထိ စောင့်ပါဦးလား''

မွန်တဲရိုးသည် မိုးကာကို ဝတ်လိုက်ပြီး အပြင်သို့ မျှော်ကြည့်ရင်း–

''ဒီမိုးက ဒီဇင်ဘာ မရောက်မချင်း တိတ်မှာ မဟုတ်ဘူး''

ဟု ပြောလိုက်၏။

သူ့မိန်းမကလည်း သူနှင့်အတူ အပြင်ဘက်သို့ လိုက်ကြည့်၏။ ရွှေမိုးဒေဝါကား သည်းကောင်းတုန်း။ သံချေးတက်နေပြီ ဖြစ်သော သူတို့ အိမ်ခေါင်မိုးသွပ်များပေါ်သို့ တဖြောင်းဖြောင်း အသံပေးကာ ရွာကောင်းတုန်း။ မွန်တဲရိုးသည် မြည်းပေါ် တက်ကာ ဖနောင့်ဆူးဖြင့် မြည်းကို တို့ရင်း ခြံဝင်းထဲစီးသွား၏။ မြင်းခေါင်းထုပ်တန်းများနှင့် မဆောင့်မိစေဖို့ ရှည်လျားသည့် ခန္ဓာကိုယ်ကို ကိုင်းရင်း ခေါင်းကို ငုံ့သွားရသည်။ ခြံဝရောက်တော့ နောက်သို့ လှည့်မကြည့်ဘဲ–

''စနေနေ့မှ ပြန်တွေ့မယ်''

ဟု သူ့မိန်းမကို ဟစ်အော် နှုတ်ဆက်လိုက်သည်။

''စနေနေ့မှာ ပြန်တွေ့မယ်လေ''

mgyoe.com

 m g o m SAMPLE BOOK 

ဟု သူ့မိန်းမကလည်း ပြန်လည် နှုတ်ဆက်ခဲ့လေသည်။

◖◗

မြို့လယ်ရင်ပြင်မှာတော့ ဘုရားကျောင်းတံခါးမှ လွဲ၍ ကျန်အိမ်တံခါးများ အားလုံး စုန်းစုန်းပိတ်ထားကြဆဲ။ ဆီဆာမွန်တဲရိုးသည် ကောင်းကင်ကို မော့ကြည့်လိုက်သည်။ သူ့ခေါင်းအထက် နှစ်ပေသာသာလောက်မှာ ကောင်းကင်သည် မည်းပုပ် အုံ့မှိုင်းလျက် ရှိ၏။ သူသည် မြည်းကို အသော့နှင်သည်။ မြည်းသည် ဆပ်ပြာတုံးသဖွယ် ချောနေသည့် မြေသားလမ်းပေါ်မှာ မကြာခဏ လမ်းချော်မလို ဖြစ်သော်လည်း ကောင်းစွာ သွားနိုင်ဆဲ။ သူ့ခြံဝမှာ စာရွက်တစ်ရွက် ကပ်ထားသည်။ သူ ဖတ်ကြည့်ခဲ့သည်။ မိုးရေကြောင့် မင်တွေ စွန်းထင်းနေသော်လည်း ကောင်းစွာ ဖတ်နိုင်သေးသည်။ မွန်တဲရိုးသည် စာရွက်ကို ဆွဲခွာပြီး အစိတ်စိတ်အမြွှာမြွှာ ဆုပ်ဖြဲပစ်ခဲ့သည်။

သူသည် မြို့လယ်ရင်ပြင်ကို ဖြတ်ကျော်ခဲ့သည်။ ကော်ဖီနံ့ကို သူ့နှာခေါင်းက ရနေခဲ့သည်။ မြို့နှင့် အတန်ငယ် ဝေးလာသောအခါ သူသည် ရုတ်တရက် ချက်ချင်း ပြန်လှည့်ကာ မြို့ထဲသို့ အသော့နှင်၏။ မြို့လယ်ရင်ပြင်သို့ ပြန်ရောက်လာချိန်တွင် မွန်တဲရိုးသည် ပက်စတာ၏ အိမ်ရှေ့တွင် ရပ်လိုက်သည်။ သူ မြည်းပေါ်မှ ဆင်းသည်။ နှစ်လုံးပြူးကို ဖြုတ်သည်။ မြည်းကို ခြံစည်းရိုးတွင် ချည်နှောင်သည်။ ထိုအရာအားလုံးကို သူ စနစ်တကျနှင့် ဖြည်းဖြည်းဆေးဆေး လုပ်ဆောင်နေခဲ့သည်။

ပက်စတာ၏ အိမ်တံခါးသည် သော့ခတ်မထား။ မွန်တဲရိုးသည် မှောင်ရိပ်သန်းနေသော ဧည့်ခန်းထဲသို့ ဝင်လာခဲ့ချိန်တွင် စူးရှသည့် ဂီတသံတစ်ချက် ကြားလိုက်ပြီး ရုတ်ခြည်း တိတ်ဆိတ်သွားခဲ့သည်။ သိုးမွေးစားပွဲခင်းခင်းထားသော စားပွဲခုံလေး တစ်ခုံ၊ ထိုင်ခုံ လေးလုံးတို့ကို သူ ဖြတ်ကျော်လာခဲ့သည်။ မိုးကာခေါင်းစွပ်ကို ချွတ်၏။ နှစ်လုံးပြူးကို အသင့် အနေအထားဖြင့် ကိုင်၏။ ထို့နောက် သိမ်မွေ့နူးညံ့ ညင်သာလှသည့် လေသံဖြင့်–

"ပက်စတာ"

ဟု ခပ်တိုးတိုး ခေါ်လိုက်၏။ သူ့အသံက ငယ်ပေါင်းကြီးဖော် သူငယ်ချင်းကို ခေါ်သကဲ့သို့။

mgyoe.com

mgyoe.com
SAMPLE BOOK


ပက်စတာသည် သူ့အိပ်ခန်းတံခါးဝတွင် ပေါ်လာခဲ့၏။ ပါးစပ်မှ လေမှုတ်ကိရိယာကို ခုမှ သူချွတ်လိုက်၏။ သူသည် ပိန်ပိန်ရှည်ရှည်နှင့် မုတ်ဆိတ်ကို ကောင်းစွာ သ,ထား၏။ သူ့ကို သိမ်သိမ်မွေ့မွေ့ နာမည်ခေါ်ပြီး နှစ်လုံးပြူးဖြင့် တည့်တည့်ချိန်ထားသည့် မွန်တဲရိုးကို မြင်သောအခါ ပက်စတာ့ ပါးစပ်သည် ဟ,၍ လာ၏။ သို့သော် ဘာတစ်ခွန်းမှ သူ မပြော။ မျက်နှာသည် ဖြူဆုတ်သွားပြီး အပြုံးလဲ့လဲ့ကလေး တစ်ချက် ပေါ်လာခဲ့၏။ မွန်တဲရိုး၏ ခြေထောက်၊ တင်ပါး၊ လက်မောင်း၊ လက်ဖျံမှ ကြွက်သားအားလုံး အသင့်အနေအထား တောင့်တင်းသွား၏။ သူက အံတစ်ချက် တင်းတင်း ကြိတ်ရင်း နှစ်လုံးပြူးကို မောင်းဖြုတ်ချလိုက်၏။

နှစ်လုံးပြူးသေနတ်သံက တစ်အိမ်လုံးကို တော်လည်းသံနှယ် သိမ့်သိမ့်တုန်သွားစေသည်။

သို့သော်လည်း ပက်စတာသည် သွေးတွေ စွန်းနေသော ငှက်မွေးတွေ ဖုံးကာ တအိအိ လဲကျသွားသည်ကို သူ မြင်လိုက်ရသည်မှာ သေနတ်သံထွက်ပြီးမှလား၊ မထွက်ခင်လား မွန်တဲရိုး သေချာ မသိခဲ့။

၆

သေနတ်သံ ထွက်လာသည့်အချိန်မှာ မြို့ဝန်မင်းသည် အိပ်ပျော်ခါစဖြစ်၏။ သွားကိုက်ဝေဒနာကို ပြင်းပြစွာ ခံစားခဲ့ရသဖြင့် တစ်မေးမှ အိပ်မရသည့် ည သုံးညကို သူ ဖြတ်ကျော်ခဲ့ပြီးပြီ။

ဒီနေ့မနက် ပထမအကြိမ် ဝတ်တက် ခေါင်းလောင်းသံ ထွက်ပေါ်လာချိန်မှာ ရှစ်လုံးမြောက် အကိုက်အခဲပျောက်ဆေးကို သူ ထသောက်သည်။ အနာ သက်သာသွားသည်။ သွပ်မိုးပေါ် တဖြောက်ဖြောက် ကျနေသည့် မိုးသံကြောင့် သိမ့်ခနဲ ငြိမ့်ခနဲ ငိုက်ကျလာပြီး အိပ်ပျော်တော့မလို ဖြစ်နေသော်လည်း အံသွား၏ တဒုတ်ဒုတ် ကိုက်ခဲမှုကို သူ ခံစားနေရဆဲ။ ကျယ်လောင်လှသည့် သေနတ်သံကြီး မြည်ဟိန်း ထွက်ပေါ်လာချိန်တွင် မြို့ဝန်မင်းသည် ငေါက်ခနဲထ၊ ကြိုးခုတင်ပေါ်မှ စွေ့ခနဲ ဆင်းလိုက်ပြီး ကုလားထိုင် လက်ရန်းတွင် အမြဲချိတ်ဆွဲထားသည့် ခြောက်လုံးပြူးနှင့် ကျည်ခါးပတ်ကို ကောက်စွပ်လိုက်သည်။

ထို့နောက်တွင်တော့ အရာအားလုံးသည် ပြန်လည်တိတ်ဆိတ်သွားပြန်သဖြင့် သူ အိပ်မက် မက်နေသည်ဟု ထင်လာပြန်၏။ သွားကလည်း ပြန်နာ

mgyoe.com

mgyoe.com
SAMPLE BOOK

လာပြန်သည်။ အဖျားလည်း နည်းနည်းရှိနေသည် ထင်၏။ မှန်ကြည့်လိုက်တော့ သူ့ပါးတစ်ခြမ်းသည် ရောင်ကိုင်းလျက်။

မြို့ဝန်မင်းသည် ပရုတ်ဆီဘူးကို ဖွင့်ကာ တစ်ကော် ကော်လိုက်ပြီး မှုတ်ဆိတ်၊ ပါးမြိုင်းမွေးများ ပွနေသည့် ထိုပါးတစ်ခြမ်းကို နာနာသုတ်လိုက်သည်။

ထိုအချိန်မှာပင် အသံဗလံ ပေါင်းစုံကို မိုးသံကြားမှ သူ ကြားလိုက်ရတော့သည်။ ဝရန်တာသို့ သူ ထွက်ကြည့်လိုက်သည်။ လူအများသည် ညဝတ် အင်္ကျီကြီးများ ဖိုးရိုးဖားရားဖြင့် မြို့လယ်ရင်ပြင်ဆီသို့ အပြေးတစ်ပိုင်း လာနေကြသည်။ ကောင်ကလေး တစ်ယောက်က သူ့ကို လှည့်ကြည့်ကာ လက်များကို မြှောက်ရင်း အော်ပြောသွားခဲ့သည်။

"ဆီဆာမွန်တဲရီးက ပက်စတော့ကို ပစ်သတ်လိုက်ပြီတဲ့ ခင်ဗျ"

ဆီဆာမွန်တဲရီးသည် လူအုပ်ကြီးကို နှစ်လုံးပြူးဖြင့် ချိန်ရင်း မြို့လယ်ရင်ပြင် ကွက်လပ်သို့ လျှောက်လှမ်းလာခဲ့သည်။ မြို့ဝန်မင်းသည် သူ့ကို ချက်ချင်း မှတ်မိ သိရှိ၏။ ဘယ်လက်ဖြင့် ခြောက်လုံးပြူးကို ကိုင်ကာ ရင်ပြင်သို့ သူ သွက်သွက် လျှောက်သွား၏။ လူအုပ်ကြီးက သူ့ကို ရှဲခနဲ နေရာဖယ်ပေးကြ၏။ ရဲတစ်ယောက်က ရိုင်ဖယ်ဖြင့် ဆီဆာမွန်တဲရီးကို ချိန်ရွယ်ကာ ပစ်ခတ်အံ့ဆဲဆဲ။ မြို့ဝန်မင်းသည် ထိုရဲအနားသို့ ကပ်ကာ အသံတိုးတိုးဖြင့်–

"မပစ်နဲ့နော်၊ သောက်ရမ်းတွေ လျှောက်မလုပ်နဲ့"

ဟု သတိပေးလိုက်သည်။

ခြောက်လုံးပြူးကို အိတ်ထဲ ပြန်ထည့်ပြီး ရဲသားထံမှ ရိုင်ဖယ်ကို ယူလိုက်ကာ သူဆက်လျှောက်လာ၏။ မွန်တဲရီးကိုကြည့်၍ သူ အော်လိုက်၏။

"ဆီဆာမွန်တဲရီး၊ ခင်ဗျား သေနတ် ကျုပ်ကို ပေးပါ"

ဆီဆာမွန်တဲရီးသည် ထိုအချိန်မှပင် မြို့ဝန်မင်းကို မြင်တော့သည်။ သူ မြို့ဝန်မင်းဘက်သို့ လှည့်လာပြီ။ မြို့ဝန်မင်းက သူ့ကို ရိုင်ဖယ်ဖြင့် ချိန်ထား၏။ သူက မြို့ဝန်မင်းကို အော်ပြောလိုက်သည်။

"လိုချင်ရင် လာယူလှည့်လေ"

မြို့ဝန်သည် ဘယ်လက်ဖြင့် ရိုင်ဖယ်ကို မလွှတ်တမ်း ကိုင်ကာ မွန်တဲရီးကို ချိန်ထားရင်း ညာဘက်လက်ဖြင့် မျက်ခွံများကို ပွတ်သပ်လိုက်၏။ သူ ရှေ့ကို တစ်လှမ်းချင်း လှမ်း၏။ ခြေလှမ်းတိုင်းကို စိတ်ထဲမှာ လိုက်လံ

mgyoe.com

mgyoe.com


ရေတွက်နေမိ၏။ ရိုင်ဖယ် မောင်းခလုတ်ပေါ် တင်ထားသည့် သူ့လက်ညှိုးသည် တဖြည်းဖြည်း တောင့်တင်းလာခဲ့၏။ မျက်လုံးအစုံကတော့ မွန်တဲရိုးကို စူးစူးရဲရဲ စိုက်ကြည့်လျက်။ သူသည် တစ်လှမ်းချင်း လှမ်းနေရာမှ ရုတ်တရက် ရပ်လိုက်ပြီး မွန်တဲရိုးကို ပြောလိုက်သည်။ သူ့အသံက မိတ်ဟောင်းဆွေဟောင်းကို စကားစမြည် ပြောနေသကဲ့သို့ ညင်သာ နူးညံ့လှ၏။

"ခင်ဗျား သေနတ်ကြီးကို အောက်ချလိုက်ပါ ဆီဆာရယ်၊ မဟုတ်တာတွေ ထပ်မလုပ်ပါနဲ့တော့"

ဆီဆာမွန်တဲရိုးက နောက်ဆုတ်လိုက်၏။ မြို့တော်ဝန်က ရှေ့တိုးလာ၏။ ရိုင်ဖယ် မောင်းခလုတ်ပေါ်မှ လက်ညှိုးသည် ပို၍ တောင့်တင်းလာ၏။ မြို့ဝန်မင်းသည် ဆီဆာမွန်တဲရိုး တစ်ယောက် သူ့နှစ်လုံးပြူးကြီးကို မြေပေါ်သို့ အသာချလိုက်ချိန်အထိ ခန္ဓာကိုယ်မှ ကြွက်သား တစ်မျှင်တလေတောင် လှုပ်ရှားခြင်း အလျှင်းမရှိဘဲ တောင့်တောင့်ကြီး ရပ်နေခဲ့သည်။ မွန်တဲရိုး သေနတ်အောက်ချလိုက်မှပင် မြို့တော်ဝန်မင်းသည် သူ့ခန္ဓာကိုယ်ပေါ်မှာ အင်္ကျီမပါဘဲ ညဝတ် ဘောင်းဘီကလေးသာ ပါကြောင်းကို လည်းကောင်း၊ မိုးသည်းသည်းမှာ တစ်ကိုယ်လုံး ဇောချွေးတွေ စိမ့်ထွက်နေသည်ကို လည်းကောင်း၊ သွားကိုက်ဝေဒနာ ပျောက်ကင်းသက်သာနေသည်ကို လည်းကောင်း သတိထားမိတော့သည်။

အိမ်တံခါးများ အလျှိုလျှို ပွင့်လာကြပြီ။ ရဲသားနှစ်ယောက်သည် ရိုင်ဖယ်ကိုယ်စီ ကိုင်လျက် မြို့လယ်ရင်ပြင်ဆီသို့ အူယားဖားယား ပြေးလာနေကြသည်။ လူအုပ်ကြီးကလည်း များသည်ထက် များလာခဲ့သည်။ ရဲသားများက လူအုပ်ကြီးကို ရိုင်ဖယ်များဖြင့် ချိန်ကာ-

"နောက်ဆုတ်ကြစမ်း" ဟု သံပြိုင်အော်ဟစ်နေခဲ့ကြသည်။

မြို့တော်ဝန်က မည်သူ့ကိုမှ မကြည့်ဘဲ တည်ငြိမ်အေးဆေးသည့် လေသံဖြင့်-

"လူစုခွဲလိုက်" ဟု အမိန့်ပေးလိုက်သည်။

'ခွဲ' ဆိုခြင်းကြောင့် လူစုသည် ကွဲရချေတော့၏။ မြို့ဝန်က ဆီဆာမွန်တဲရိုး တစ်ကိုယ်လုံးကို ရှာဖွေ၏။ မိုးကာအင်္ကျီကြီးကတော့ ဝတ်လျက်သား။ သူ့အင်္ကျီအိတ်ကပ်ထဲက စရိတ်ကျည် လေးတောင့်၊ ဘောင်းဘီအိတ်ထဲက မောင်းချဓား တစ်လက်၊ နောက်အိတ်တစ်လုံးထဲက မှတ်စုစာအုပ်တစ်အုပ်၊ သော့သုံးချောင်း

mgyoe.com

mgyoe.com

ပါသည့် သော့တွဲတစ်တွဲနှင့် ပီဆိုငွေ တစ်ရာတန် လေးရွက် ထွက်လာခဲ့သည်။ မွန်တဲရိုးက ရှာဖွေခြင်း လုပ်ငန်းကို ကူညီသည့်အနေဖြင့် လက်နှစ်ဖက်ကို ဆန့်တန်းပေးထားပြီး မလှုပ်မယှက် ရပ်နေခဲ့သည်။ ရှာလို့ ဖွေလို့ ပြီးသည့်အခါ မြို့ဝန်သည် ပစ္စည်းသက်သေများနှင့်တကွ တရားခံကို ရဲနှစ်ယောက် လက်သို့ အပ်၏။

''မြို့တော်ခန်းမ ဒုတိယထပ်မှာ သူ့ကို ထားလိုက်၊ သေချာလည်း စောင့်ကြည့်ထားဦး''

ဆိုသည့် အမိန့်ကိုပါ တစ်ခါတည်း ပေးခဲ့သည်။

ဆိဆာမွန်တဲရိုးသည် မိုးကာအင်္ကျီကို ချွတ်လိုက်ပြီး ရဲတစ်ယောက် လက်သို့ ကမ်းပေးကာ ရဲသားနှစ်ဦး ခြံရံလျက် လိုက်ပါသွားခဲ့သည်။ သဲသဲမဲမဲ ရွာနေသည့် မိုးကို လည်းကောင်း၊ သူ့ကို ပြူးပြဲကြည့်နေကြသည့် မျက်လုံးပေါင်း များစွာကို လည်းကောင်း ဂရုစိုက်ခြင်း အလျှင်း မရှိခဲ့။

မြို့ဝန်သည် မွန်တဲရိုး၏ နောက်ကျောကို တွေတွေငေးငေး စိုက်ကြည့် နေခဲ့သည်။ ထို့နောက် လူအုပ်ကြီးဘက်သို့ လှည့်ကာ ကလေးတွေ ကြက်အုပ်ကို ခြောက်လှန့်သည့်နှယ်-

''သွားကြလေ၊ ဘာလုပ်နေကြတာလဲ''

ဟု မာန်လိုက် မဲလိုက်သည်။

ထို့နောက် မိုးစက်များဖြင့် ရွှဲစိုနေသည့် မျက်နှာကို လက်ဖြင့် သုတ် ရင်း ရင်ပြင်ကို ဖြတ်ကာ သေသူ ပက်စတာ့အိမ်သို့ တစ်ကိုယ်တော် ချီတက် သွားတော့၏။

သေသူ၏ မွေးသမိခင်ကြီးသည် ကုလားထိုင်တစ်လုံးပေါ်တွင် အရုပ် ကြိုးပြတ် မိန်းမောလျက် ရှိ၏။ သူ့ဘေးမှာတော့ အမျိုးသမီးတစ်သိုက် ဝိုင်းဝန်း ယပ်ခတ်ပေးနေခဲ့ကြသည်။ မြို့ဝန်က အသားတုံးကို ယင်အုံသလို ဝိုင်းအုံနေကြ သည့် မိန်းမအုပ်ကြီးကို တွန်းဖယ်ရင်း-

''ဖယ်ကြဦးဟ၊ အသက်လေး ဘာလေး ရှူပါစေဦး''

ဟု ဆိုလိုက်သည်။ မိန်းမတစ်ယောက်က သူ့ကို လှည့်ကြည့်ပြီး-

''သူ ဘုရားကျောင်းသွားခါစ ရှိသေးတာ''

ဟု ပြောလိုက်သည်။

''အေးပါ၊ လောလောဆယ် သူ့ကို အသက်ရှူပါစေဦး၊ ဖယ်ကြဦး''

mgyoe.com
SAMPLE BOOK


ပက်စတာသည် ဆင်ဝင်အောက်မှာ မှောက်ခုံကြီး။ သွေးတွေ စွန်းနေသည့် ငှက်မွေးပုံကြီးက မွေ့ရာသဖွယ် သူ့ခန္ဓာကိုယ်အောက်မှာ။ ခိုချေးနံ့တွေကလည်း တထောင်းထောင်း ထလျက်။ မြို့ဝန်မင်း ကြွမြန်းလာချိန်တွင် လူတစ်စုက သူ့ အသက်မဲ့ ခန္ဓာကိုယ်ကို သယ်မ,ရွှေ့ပြောင်းဖို့ စိုင်းပြင်းနေကြသည်။

"မရွှေ့နဲ့၊ မင်းတို့ ဖယ်ကြ"

မြို့ဝန်၏ အမိန့်ကြောင့် အဆိုပါ လူစုသည် အလောင်းကို ငှက်မွေးပုံပေါ် ပြန်လည်ချထားလိုက်ပြီး နောက်သို့ ဆုတ်လိုက်ကြသည်။ မြို့ဝန်မင်းသည် အလောင်းကို ကျောဘက်မှ စကြည့်၏။ ပြီးတော့ ပက်လက်လှန်စေ၏။ သူ့တစ်ကိုယ်လုံး ငှက်မွေးများက နေရာအနှံ့ ကပ်ငြိနေ၏။ ဝမ်းဗိုက်အောက်ပိုင်းမှာတော့ ခုထိ ပူနွေးနေဆဲ သွေးအလိမ်းလိမ်း ကပ်နေသည့် ငှက်မွေးများက ထုနှင့်ထည်နှင့် တည်ရှိနေခဲ့သည်။ မြို့ဝန်မင်းသည် ငှက်မွေးများကို လက်ဖြင့် ဆွဲဖယ်၏။ ပက်စတာ၏ အင်္ကျီသည် တစ်စစီ အစိတ်စိတ် အမြွှာမြွှာ စုတ်ပြဲလျက်၊ ခါးပတ်ခေါင်းသည် ကြေမွလျက်။ အင်္ကျီအောက်မှာတော့ ကျည်ဆန်ရာ ဗရပွ၊ ကျည်ပေါက်များမှ ကလီစာအချို့ပင် ခေါင်းပြူထွက်နေခဲ့ကြသည်။ ဒဏ်ရာများမှ သွေးတော့ ထွက်မနေတော့။

"ကျားသစ် ပစ်တဲ့ နှစ်လုံးပြူးနဲ့ တော့ပစ်ခံလိုက်ရတာပဲ"

လူအုပ်ထဲမှ တစ်ယောက်က ပြောလိုက်သည်။

မြို့ဝန်မင်းသည် ငှက်မွေးပုံကြားမှ အလောင်းကို စိုက်ကြည့်ရင်း မတ်တတ်ရပ်လိုက်၏။ သွေးစွန်းနေသည့် သူ့လက်များကို ပဂျားမား ညဝတ်ဘောင်းဘီဖြင့် သုတ်လိုက်ပြီး-

"အလောင်းကို မရွှေ့ကြနဲ့"

ဟု လူအုပ်ကို အမိန့်ပေးလိုက်၏။

"သူက အလောင်းကို တရွတ်တိုက် ဆွဲလာခဲ့တာဗျ"

လူအုပ်ကြီးထဲမှ အသံတစ်သံ ထွက်လာ၏။

"နေဦးလေ၊ သဲလွန်စတွေ ထပ်ရှာရဦးမယ်"

မြို့တော်ဝန်က အေးအေးဆေးဆေး ပြန်ပြောလိုက်သည်။

ထိုအခိုက် အိမ်ထဲမှ မိန်းမတစ်သိုက်၏ ရှိုက်ငိုသံများ ထွက်လာခဲ့သည်။ မြို့တော်ဝန်သည် အော်သံ၊ ငိုသံများ၊ အနံ့အသက် ပေါင်းစုံတို့ဖြင့် ပိတ်လှောင်မွန်းကျပ်နေသည့် မသာအိမ်မှ ကမန်းကတန်း ထွက်လာခဲ့သည်။ လမ်းမပေါ်ရောက်တော့ ဆရာတော်အိန်ဂျယ့်ထံ သူ ပြေးတော့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဘယ်လိုကွဲ့၊ ပက်စတာ သေရှာပြီ ဟုတ်စ"

ဆရာတော် အိန်ဂျယ်က မြို့ဝန်မင်းကို နားဝေတိမ်တောင်ဖြင့် မေးလိုက်သည်။

"မှန်ပါ့၊ သေတာမှ ခွေးသေ ဝက်သေကို သေတာ ဘုရား"

မြို့ဝန်မင်းက အတိအကျ အဖြေပေးလိုက်သည်။

၆

ခုတော့ အိမ်တံခါးတွေ အားလုံး ဟင်းလင်းပွင့်နေခဲ့ပြီ။ မိုးမရွာတော့သော်လည်း မည်းပုပ်ပုပ်ကောင်းကင်သည် အိမ်တွေပေါ် ပြိုကြတော့မတတ် အုံ့ဆိုင်း မှိုင်းရီလျက်။ ဆရာတော်က မြို့ဝန်၏ ပခုံးပေါ် လက်တင်လျက်-

"အိမ်း- ဆီဆာမွန်တဲရီးဟာ လူရိုး လူကောင်းပါကွယ်၊ ကြည့်ရတာ ခဏာတစ်ဖြုတ် သတိလက်လွတ် ဖြစ်သွားပုံ ရတယ်"

ဟု မိန့်တော်မူလိုက်သည်။

မြို့တော်ဝန်မင်း စိတ်မရှည်ချင်တော့။

"မှန်ပါ့၊ စိတ်ပူတော်မမူပါနဲ့ ဘုရား၊ သူ့အတွက် လောလောဆယ် အန္တရာယ်ကင်းပါတယ်။ အသုဘရှု ကြွတော်မူလိုက်ပါဦး ဘုရား၊ သူတို့တွေ အရှင်ဘုရားကို မျှော်နေကြလိမ့်မယ်"

ဟု ပြောလိုက်၏။

ရဲသားများ စောင့်ကြပ်ခြင်းမှ ကင်းလွတ်သည်နှင့် တစ်ပြိုင်နက် လူအုပ်ကြီးသည် ပက်စတာ့ အိမ်ရှေ့သို့ မိုးပြိုသလို သောသောညံညံဖြင့် ရောက်လာခဲ့ကြသည်။ မြို့တော်ဝန်သည် ကော်ဖီဆိုင်ထဲ ဝင်လာခဲ့သည်။ ရဲတစ်ယောက်က သူ့ ရုံးဝတ်စုံကို ကိုင်ရင်း သူ့ကို စောင့်နေခဲ့သည်။

ပုံမှန်အားဖြင့်တော့ ထိုအချိန်တွင် ဆိုင်ဖွင့်လေ့မရှိ၊ အလုပ်လုပ်လေ့မရှိသေး။ ထိုနေ့ကတော့ နံနက် ခုနစ်နာရီ မထိုးမီမှာကို ဆူဆူညံညံ အုန်းအုန်းကျွက်ကျွက် ဖြစ်လျက်ရှိနေကြပြီ။ ကော်ဖီသောက်သုံးလျက် ရှိကြပြီ။ အားလုံး နီးပါး ညဝတ် ဘောင်းဘီများနှင့် ညှပ်ဖိနပ်များကိုသာ စီးထားခဲ့ကြသည်။

မြို့ဝန်မင်းသည် အများသူငါ မျက်စိရှေ့မှာပင် သူ၏ ပဂျားမား ညဝတ် ဘောင်းဘီကြီးကို ချွတ်ချလိုက်ပြီး တစ်ကိုယ်လုံး ခြောက်သွေ့သွားအောင် ဘောင်းဘီ

mgyoe.com

mgyoe.com

ဖြင့်ပင် သုတ်လိုက်သည်။ ထို့နောက် အဝတ်အစား လဲလှယ်သည်။ သူ ဆိုင်ထဲမှ ထွက်လာတော့ အဖြစ်အပျက် တစ်ခုလုံးအကြောင်း အားလုံးနီးပါး သိခဲ့ရပြီ။ သူက ဆိုင်ဝ ရောက်တော့ အထဲကို လှမ်းအော်ပြောလိုက်သည်။

"အားလုံး သတိပေးလိုက်ပါရဲ့နော်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး မြို့လူထုနဲ့ ကျုပ်ကို ရန်တိုက်ပေးလို့ကတော့ အားလုံး လက်ထိတ်နဲ့ နှစ်ပါးသွားရမယ်မှတ်"

မြို့ဝန်မင်းသည် ဘယ်သူ့ကိုမှ နှုတ်မဆက်ဘဲ ကျောက်တုံး ခင်းထားသည့် လမ်းအတိုင်း စိုက်စိုက် စိုက်စိုက်ဖြင့် ဆင်းချလာခဲ့သော်လည်း တစ်မြို့လုံး စိတ်လှုပ်ရှားနေကြောင်း သူကောင်းကောင်း သတိပြုမိနေခဲ့သည်။ တစ်လှမ်းချင်း အေးအေးဆေးဆေး လျှောက်လှမ်းလာခဲ့သော်လည်း ခုထိ ငယ်ရွယ်သေးသည့် မြို့ဝန်မင်းခမျာ တလိပ်လိပ် တက်လာသည့် သောကဗျာပါဒတွေကို မနည်းမျိုချနေခဲ့ရသည်။

နံနက် ခုနစ်နာရီတိတိမှာ ခရီးသည်နှင့် ကုန်ပစ္စည်းတွေ တင်ပြီး တစ်ပတ်ကို သုံးကြိမ်ထွက်သော သင်္ဘောများ ဆိပ်ကမ်းက ခွာသောအခါ ခါတိုင်းလို စိတ်ဝင်တစား စောင့်ကြည့်သူ တစ်ယောက်မှ မရှိ။ မြို့ဝန်မင်းသည် ဈေးတန်း တစ်လျှောက် လျှောက်လာခဲ့သည်။ ဆီးရီးယား ကုန်သည်များက အရောင်အသွေး စုံလင်လှသည့် သူတို့၏ အဝတ်အထည်များကို စတင်ခင်းကျင်းနေကြပြီ။ ဒေါက်တာ အော့တဗီရိုဂီရယ်လ်ဒိုသည် သင်္ဘောများ စုန်ဆင်းသွားသည်ကို သူ့ရုံးခန်းမှ ငေးကြည့်နေခဲ့၏။ သူလည်း ညအိပ်ဝတ်စုံ၊ ညှပ်ဖိနပ်နှင့်သာ။ မြို့ဝန်မင်းက ဆရာဝန်ထံ ရောက်ရောက်ချင်း-

"အဝတ်လဲ ဒေါက်တာ၊ အလောင်းခွဲရမယ်" ဟု ပြောလိုက်၏။

ဆရာဝန်က မြို့ဝန်မင်းကို ကြည့်လိုက်သည်။ သူ့အကြည့်က ကလိတိတိ၊ သရော်တော်တော်။ ပြီးမှ သွားဖြဲပြလိုက်ပြီး-

"ခုပဲ အလောင်းတွေ ခွဲနေကြရပြီကိုး နော့- မြို့တော်ဝန်မင်းရယ်၊ ကျုပ်တို့ မြို့တော်ကြီးရဲ့ သိသာထင်ရှားတဲ့ အံ့မခန်း တိုးတက်မှုတွေပေါ့ဗျာ"

ဆရာဝန့်စကားကြောင့် ရယ်ချင်သော်လည်း သွားက စစ်ခနဲ နာသွားသဖြင့် ရောင်ရမ်းနေသည့် ပါးတစ်ဖက်ကို လက်ဖြင့် အုပ်ကိုင်လိုက်ရသည်။

mgyoe.com

"အလို- ဘာဖြစ်လို့တုံး မြို့ဝန်မင်းရဲ့"

"သောက်သွားက ကိုက်နေလို့ဗျ"

ဒေါက်တာဂီရယ်လ်ဒိုသည် စကား ဆက်ပြောချင်နေသေးသော်လည်း မြို့ဝန်မင်းမှာ စကားပေါ့၊ စကားသွမ်းတွေ ပြောနေဖို့ အချိန်မရှိ။ ဆိပ်ကမ်းလမ်း အဆုံးထိ သူ လျှောက်သွားပြီး ခပ်စုတ်စုတ် အိမ်တစ်လုံး၏ တံခါးကို သူ ခေါက်လိုက်ပြန်သည်။ စိမ်းဖန့်ဖန့် အသားအရေနှင့် ခုနစ်လသား ကိုယ်ဝန်သည်မ တစ်ယောက် တံခါး လာဖွင့်ပေး၏။ သူ့ခြေထောက်မှာ ဖိနပ်မရှိ။ ခြေဗလာနှင့်။ မြို့ဝန်မင်းက အိမ်ထဲသို့ အလောသုံးဆယ်ဖြင့် ဝင်လိုက်ပြီး-

"တရားသူကြီးမင်း" ဟု အော်ခေါ်လိုက်သည်။

တရားသူကြီးမင်း အာကာဒီယိုသည် သားမွေးဖိနပ်များ စွပ်လျက် အိပ်ခန်းထဲမှ ထွက်လာခဲ့သည်။ ဘောင်းဘီဝတ်ပြီး ဖြစ်သော်လည်း ခါးပတ် မပတ်ရသေး။ ကိုယ်တုံးလုံးကြီးနှင့်။

"အလောင်း သယ်မ,ခွင့် ပုံစံ အဆင်သင့် လုပ်ထားပါ"

မြို့တော်ဝန်၏ စကားကို ကြားလျှင် တရားသူကြီးမင်းက လေ တစ်ချက် ချွန်လိုက်ပြီး-

"အို- အို၊ ကျုပ်တို့ မြို့ဝန်မင်းက တယ်စည်းစနစ်ကြီးတဲ့ ပုဂ္ဂိုလ်ပါ ကလားဗျ။ ဒီမြင့်မြတ်တော်မူပေထသော အကြံကြီး ဉာဏ်ကြီးကို ခင်ဗျား ဘယ်တုံးက ရသလဲ" ဟု မေးလိုက်သည်။

မြို့တော်ဝန်က တရားသူကြီး၏ အိပ်ခန်းထဲ ဝင်လိုက်ပြီး-

"ခု- အရင်ကနဲ့ မတူတော့ဘူးဗျ၊ စည်းစနစ်တကျ လုပ်မှ ဖြစ်မယ်" ဟု ပြန်ပြောလိုက်သည်။

မြို့ဝန်သည် အိပ်ခန်း ပြတင်းနား သွားရပ်ရင်း မြစ်ပြင်မှ တိုက်ခတ်လာသည့် လေအေးအေးကို ရှူရှိုက်ခံစားနေခဲ့သည်။ ပြတင်းပေါက်ဘောင်မှတစ်ဆင့် သူ့လက်မှာ ပေသွားသည့် ဖုန်များကို ဘောင်းဘီဖြင့် သုတ်လိုက်ရင်း တရားသူကြီး ကို သူ မေး၏။ ပြောင်လှောင် သရော်ခြင်း အလျှင်း မရှိ၊ တကယ် အလေးအနက် မေးခြင်း ဖြစ်၏။

"ဒါနဲ့ အလောင်းသယ်မ,ခွင့်ပုံစံ ဆိုတာကော ခင်ဗျား သိရဲ့လား"

"သိပါ့ဗျာ၊ သိပါ့"

မြို့ဝန်မင်းက သူ့လက်တွေကို ငုံ့ကြည့်ရင်း-

mgyoe.com

mgyoe.com

"ခင်ဗျား အတွင်းရေးမှူးကိုလည်း တစ်ခါတည်း ခေါ်ခဲ့၊ ရေးစရာ မှတ်စရာတွေ ရှိရင် လိုက်ရေးရအောင်လို့"

ထိုအချိန်တွင် သူ့လက်များသည် လူသေ၏ သွေးများ စွန်းပေနေသေးကြောင်း သတိထားမိလိုက်သဖြင့် ဗိုက်ကြီးသည် မိန်းမအား-

"လက် ဘယ်မှာ ဆေးရမလဲ" ဟု လှမ်းမေးလိုက်သည်။

"ခြံထဲက ရေတိုင်ကီထဲမှာ"

မြို့ဝန်မင်းသည် ခြံထဲ ဆင်းသွား၏။ ကိုယ်ဝန်သည် အမျိုးသမီးက ဆပ်ပြာခွက်နှင့် လက်သုတ်ပဝါကို သေတ္တာတစ်လုံးထဲမှာ လိုက်ရှာနေခဲ့သည်။ သို့သော် မြို့တော်ဝန်က ရေစိုနေသော လက်များကို ခါရင်း အိမ်ထဲ ပြန်ရောက်လာခဲ့ပြီ။

"ဆပ်ပြာ မယူတော့ဘူးလား"

"တော်ပြီ၊ ရပြီ"

မြို့ဝန်မင်းသည် လက်သုတ်ပဝါကို ယူကာ လက်သုတ်လိုက်ပြီး တရားသူကြီးမင်းကို ကြည့်လိုက်သည်။ ပြီးတော့-

"ခင်ဗျား သိလား၊ ခိုမွေးတွေ သူ့တစ်ကိုယ်လုံး ဖုံးနေတယ်ဗျ"

ဟု ပြောလိုက်သည်။

အိပ်ရာပေါ်မှာ ထိုင်ကာ ကော်ဖီကြမ်းကို တစိမ့်စိမ့် သောက်ရင်း တရားသူကြီး အဝတ်အစား လဲပြီးသည်အထိ သူ ထိုင်စောင့်နေခဲ့ရသည်။ ပြီးတော့ သူတို့နှစ်ယောက် အိပ်ခန်းထဲမှ ထွက်လာခဲ့ကြသည်။

ကိုယ်ဝန်ဆောင်မိန်းမက မြို့ဝန်ကို ကြည့်ရင်း-

"မြို့တော်ဝန်ကြီး ပါးက ရောင်ကိုင်းနေတာပဲ၊ သွားနုတ်မှ ရမယ် ထင်တယ်"

ဟု မှတ်ချက်ချလိုက်သည်။ တရားသူကြီးမင်းနှင့် အတူ အိမ်ပေါက်ဝ ရောက်နေပြီဖြစ်သော မြို့တော်ဝန်ကြီးသည် နောက်ပြန်လှည့်ကာ ထိုမိန်းမ၏ စူနေပူနေသော ဝမ်းဗိုက်ကို လက်ညှိုးဖြင့် အသာတို့ရင်း-

"ဒီဟာကြီး ရောင်ကိုင်းနေတာကော ဘယ်လို လုပ်မှာလဲ"

ဟု မေးလိုက်သည်။

"အို- ဒီဟာကြီးက အချိန်တန်ရင် သူ့အလိုလို အရောင်လျော့သွားမှာ"


mgyoe.com

 m gyee.com SAMPLE BOOK 

ဆရာတော် အိန်ဂျယ်သည် ဒီနေ့ ညနေတော့ ပြုနေကျ လမ်းလျှောက် လေ့ကျင့်ခန်းကို မလုပ်နိုင်တော့ပါ။ အသုဘချအပြီးမှာ မြို့အောက်ဘက်ပိုင်းမှ အိမ်တစ်လုံးတွင် ဝင်စကားပြောနေခဲ့သည်မှာ မှောင်စပျိုးချိန်ထိပင်။ မိုးမစဲတမ်း ရွာလေတိုင်း ဖြစ်နေကျ ကျောရိုးတစ်လျှောက် စိမ့်ကျဉ်ကျဉ် ဝေဒနာကို ခံစား နေရသည်မှလွဲ၍ သူ နေထိုင်ကောင်းပါ၏။ ဆရာတော် ပြန်လာတော့ လမ်းမီး များပင် ထွန်းပြီးခဲ့ပြီ။ ထရိုနီဒက်သည် ဝရန်တာရှိ ပန်းပင်များကို ရေလောင်း နေ၏။ ဆရာတော်က ထရိုနီဒက်ကို ယနေ့ ဘုရားကျောင်းသို့ လှူဒါန်းသည့် ပစ္စည်းများအကြောင်း မေး၏။ ထရိုနီဒက်က ထိုပစ္စည်းများကို တရားဟော စင်မြင့်ထက်သို့ ပို့ဆောင်ပြီးဖြစ်ကြောင်း ဖြေ၏။ အိမ်ခန်းထဲမှ မီးအိမ်ကို ထွန်းညှိ လိုက်ချိန်မှာ သူ့နားမှာ ပိုင်းနေသည့် ခြင်အုပ်ကြီးကို မီးရောင်ဖြင့် ဆရာတော် အိန်ဂျယ် တွေ့လိုက်ရသည်။ ထို့ကြောင့်လည်း အိမ်ခန်း တံခါးကို မပိတ်နိုင် သေးဘဲ ခြင်ဆေးများကို မပြီးနိုင် မစီးနိုင်အောင် ဖျန်းတော်မူနေခဲ့ရ၏။ ခြင်ဆေးနံ့ ကြောင့် ဆရာတော့်မှာ နှာတွေ တချွီးချွီး ချေနေရရှာသည်။ အားလုံး ပြီးစီးတော့ တစ်ကိုယ်လုံး ချွေးပြိုက်ပြိုက် ကျတော်မူခဲ့ပြီ။ ထို့နောက် ဆရာတော်သည် ဝတ်ရုံလဲ၏။ မီးမွှေး၏။ မီးဖိုပေါ် ဒယ်အိုး တင်၏။ ကြက်သွန်လှီးနေစဉ် အသား တစ်မြှောင်းကို ဒယ်အိုးထဲ ထည့်ကာ ကြော်ထားနှင့်၏။ ထို့နောက် နေ့လယ်က ကျန်သော ထမင်းအေးစက်စက်၊ ဟင်းသီးဟင်းရွက် အနည်းငယ်နှင့် ယခု ချက်ပြုတ်ပြီးသော ဟင်းလျာတို့အားလုံးကို ပန်းကန်ပြား တစ်ချပ်တွင် ထည့်၏။ ထမင်းစား စားပွဲတွင် ထိုင်၏။ ဘုဉ်းပေးတော်မူ၏။

ဆရာတော်သည် ပန်းကန်ထဲ ရှိသမျှ စားသောက်ဖွယ်ရာတို့ကို ခက်ရင်း ဖြင့် ညှပ်၊ ဓားဖြင့် လှီးပြီး အားလုံးကို မျှမျှတတ ဘုဉ်းပေး၏။ သူသည် ရှိရှိသမျှသော စားသောက်ဖွယ်တို့ကို ငွေကွပ်ထားသည့် အံသွားများဖြင့် ဖြည်းဖြည်း ချင်း ပါးစပ်ပိတ်ကာ ကြိတ်၍ ကြိတ်၍ ဝါးနေ၏။ စားနေ၏။ ထိုသို့ ဝါးနေ စားနေစဉ်မှာ ဓားနှင့် ခက်ရင်းကို ပန်းကန်အနားစွန်း တစ်ဖက်စီမှာ ညီညီ ညာညာ မျဉ်းပြိုင်တင်ထားပြီး မျက်စိကတော့ အခန်းထဲမှ ပစ္စည်းများကို အသေ အချာ စိတ်ဝင်တစား ကြည့်တော်မူနေခဲ့သည်။ သူနှင့် မျက်နှာချင်းဆိုင်တွင် ဒေသိယ ရာဇဝင်ကို မှတ်တမ်းတင်ထားသည့် စာအုပ်ထူကြီးများ ထားသည့် စင်ရှိ၏။ အခန်းထောင့်မှာတော့ ခေါင်းအုံးကလေး တစ်လုံး တင်ထားသည့် လှုပ်ကုလားထိုင် တစ်လုံး။ ကုလားထိုင်နောက်မှာတော့ ချောင်းဆိုးပျောက်ဆေး

m gyee.com

mgyoe.com SAMPLE BOOK

ကြော်ငြာပါ ပြက္ခဒိန်တစ်ခု ချိတ်ဆွဲထားသည့် နံရံ။ အခြားတစ်ဖက်မှာတော့ သူ ကျိန်းစက်နားနေသည့် သူ့အိပ်ခန်း။

ညစာ ဘုဉ်းပေးအပြီးမှာတော့ ဆရာတော်သည် အသက်ရှုကျပ်ချင်ချင် ဖြစ်လာခဲ့၏။ သူ ရေတစ်ခွက် ထသောက်သည်။ မာလကာသီး ချိုချဉ် တစ်လုံးကို အခွံခွာကာ တမြုပ်မြုပ် စုပ်တော်မူနေ၏။ ရေကို တစိမ့်စိမ့် မျှဉ်းသောက်ရင်း မျက်လုံးအစုံက ပြက္ခဒိန်ကို စူးစူးစိုက်စိုက် ကြည့်နေခဲ့သည်။ နောက်ဆုံးတော့ လေချဉ် တစ်ချက် တက်ကာ နှုတ်ခမ်းကို လက်သုတ်ပဝါဖြင့် သုတ်လိုက်၏။ လွန်ခဲ့သည့် ဆယ့်ကိုးနှစ်လုံးလုံး သူ၏ ညစာသည် အမြဲတမ်း ဒီပုံစံအတိုင်း။ တစ်စက်ကလေးမှ အပြောင်းအလဲ မရှိခဲ့။ ဒီအခန်းထဲမှာ တစ်ကိုယ်တည်း၊ ဧကစာရီ ဘုဉ်းပေးတော်မူနေခဲ့သည်မှာ ကြာကြာလှပြီကော။ သို့သော် ထိုအတွက် ရှက်ရွံ့သိမ်ငယ်စိတ် သူ့မှာ စဉ်းငယ်မှ မရှိခဲ့။

ဂုဏ်တော်ပုတီး စိပ်ခဲ့ပြီးပြီ ဖြစ်သည့် ထရိန္နီဒက်သည် ဆရာတော်ထံသို့ ရောက်လာကာ အာဆင်းနစ် အဆိပ်ဝယ်ဖို့ ပိုက်ဆံတောင်း၏။ ဆရာတော်က တတိယအကြိမ်မြောက် ငြင်းပယ်လိုက်ပြီး ကြွက်များသည် ထောင်ချောက် ဖြင့်ပင် လုံလောက်ပြီဖြစ်ကြောင်း ဖျောင်းဖျ၏။ ထရိန္နီဒက်ကလည်း အလျှော့မပေး။

"ကြွက်ဖလောင်းလေးတွေက ထောင်ထားတဲ့ ဒိန်ခဲသာ ယူသွားတာ၊ ထောင်ချောက်ထဲ ဘယ်တော့မှ မမိဘူးဘုရား၊ ဒိန်ခဲကို အဆိပ်သုတ်ထားမှ ဖြစ်မှာပါရှင့်"

ထရိန္နီဒက် မှန်ကြောင်း ဆရာတော် သုံးသပ်နေမိသည်။

သို့သော် ထိုအကြောင်းကို ဖွင့်ပြောချိန်မရမီ လမ်းတစ်ဖက်ခြမ်းရှိ ရုပ်ရှင်ရုံမှ လော်စပီကာကြီး၏ ကျယ်လောင်စူးရှလှသည့် လော်သံသည် တိတ်ငြိမ်နေသည့် ဘုရားကျောင်းဝန်းကျင်သို့ ကျူးကျော် စော်ကားလာခဲ့သည်။

ပထမတော့ ဘာမှန်း မသိသည့် ဝူးဝူးဝါးဝါး ဆူဆူညံညံ အသံများ။ နောက်တော့ ဓာတ်ပြားကို ပင်အပ်ထောက်သံ တဂျစ်ဂျစ် ပေါ်လာပြီး ထရမ်းပက်များဖြင့် ဖော်ကျူးလိုက်သည့် မန်ဘို တေးဂီတသံကြီး ထွက်ပေါ်လာခဲ့သည်။

"ဒီည ရုပ်ရှင်ပွဲ ရှိလို့လား"

ဆရာတော်အိန်ဂျယ်က မေးတော်မူလိုက်သည်။

ထရိန္နီဒက်က ရှိကြောင်း သံတော်ဦးတင်လိုက်တော့-

mgyoe.com

m g y o e . c o m

"ဘာကားပြမတဲ့တုံး၊ မင်း သိသလားကွဲ့"

"တာဇံနဲ့ မြစိမ်းရောင် နတ်ဇကရီတဲ့ ဘုရား၊ တနင်္ဂနွေနေ့က ပြနေတုန်း တန်းလန်း မိုးဖျက်လို့ တစ်ဝက်ကျန်နေတာကို ဆက်ပြမတဲ့လေ"

ဆရာတော်အိန်ဂျယ်သည် ထရီနီဒက်ကို ဘာမှ မတုံ့ပြန်ဘဲ ဘုရားကျောင်းထဲ သုတ်ခနဲ ဝင်သွားပြီး ခေါင်းလောင်း ဆယ့်နှစ်ချက်ကို ဒေါင်ဒေါင် ဒင်ဒင် ထိုးတော်မူလိုက်၏။ ထရီနီဒက်က အပြေးတစ်ပိုင်း လိုက်လာပြီး ခေါင်းလောင်းစင်ပေါ်က ဆရာတော်ကို လက်ဝှေ့ယမ်းပြကာ-

"ဆရာတော်ဘုရား မှားတော်မူမယ် ဘုရား၊ ဒီရုပ်ရှင်က ဆင်ဆာကျပြီးသား၊ ခွင့်ပြုထားတဲ့ ရုပ်ရှင်လေ ဘုရား၊ ပြီးခဲ့တဲ့ တနင်္ဂနွေကတောင် ဆရာတော် ခေါင်းလောင်း မထိုးဘူးလေ"

ဆရာတော်က လည်ပင်းမှ ချွေးများကို သုတ်ရင်း-

"ခေါင်းလောင်းမထိုးရင် ဆင်ခြင်တုံတရား နည်းရာကျလိမ့်မယ်။ မြို့သူမြို့သားတွေကို ပေယျာလကန် ထားသလို ဖြစ်သွားလိမ့်မယ်"

ဟု တုံ့ပြန်၏။

ထရီနီဒက် နားလည်လာပါပြီ။ အသုဘ ပူပူနွေးနွေး ရှိနေသည်ကိုး။ ဆရာတော်က ဆက်မိန့်သည်။

"ခုချိန်က ရုပ်ရှင်ကြည့်နေရမယ့်အချိန် မဟုတ်ဘူးကွဲ့။ အသုဘရှုသွားနေရမှာ၊ ယောကျာ်းတွေအားလုံး အခေါင်းကို အလှအယက် ထမ်းနေရမှာ"

ထို့နောက် ဆရာတော်သည် ထရီနီဒက် မိန်းကလေးကို ပြန်လွှတ်လိုက်၏။ ဘုရားကျောင်းတံခါးကို ပိတ်၏။ မီးအိမ်များကို ငြိမ်း၏။

သူ့အိမ်ခန်းသို့ အပြန် စင်္ကြံလမ်းမှာ အာဆင်းနစ်ဝယ်ဖို့ ပိုက်ဆံ ထရီနီဒက်ကို မပေးလိုက်မိကြောင်း သတိရသဖြင့် သူ့နဖူးသူ ရိုက်မိ၏။ အိမ်ခန်းထဲရောက်တော့ ထိုကိစ္စကို ဆရာတော် မေ့တော်မူလေပြီ။

ဆရာတော်သည် စာရေးစားပွဲတွင် ထိုင်၏။ မနေ့ညက ရေးခဲ့သည့် စာကို လက်စသတ်ရန် ပြင်ဆင်၏။ ဝတ်ရုံတော်ကို ကြယ်သီးဖြုတ်၏။ စာရေးစက္ကူ၊ မင်ခံ၊ မင်ဘူးတို့ကို စားပွဲပေါ် တင်၏။ အိတ်ကပ်ထဲမှ မျက်မှန်ထုတ်၏။ မတွေ့။

ဩော်- အသုဘရှု သွားခဲ့သည့် ဝတ်ရုံထဲမှာပဲ။ ကုလားထိုင်ပေါ်မှ ထပြီး မျက်မှန်သွားယူ၏။ မနေ့က ရေးခဲ့သည့် စာကို ပြန်ဖတ်ပြီး စာပိုဒ်သစ် စရေးတော့မည်အပြု တံခါးခေါက်သံ သုံးချက်ကို ကြားတော်မူလိုက်ရ၏။

m g y o e . c o m

mgyoe.com SAMPLE BOOK

"ဝင်ခဲ့လေ"

ရုပ်ရှင်ရုံမန်နေဂျာ။ ဖျော့တော့ ပိန်သေးပြီး မုတ်ဆိတ် ကျင်စွယ် တစ်မျှင်မကျန် အကျအန ရိတ်ထားသည့် ရုပ်ရှင်ရုံ မန်နေဂျာသည် မကြာခင် သေတော့မည့် မသာလောင်းရုပ် ထွက်နေသည်။ သူသည် အဖြူဆွတ်ဆွတ် လိုင်နင်ဝတ်စုံကို သပ်ရပ်ကျနစွာ ဝတ်ထားပြီး နှစ်ရောင်စပ် ရှူးဖိနပ်များကို စီးထား၏။ ဆရာတော် အိန်ဂျယ်က သူ့ကို လှုပ်ကုလားထိုင်ပေါ် ထိုင်ရန် လက်ဟန်ပြခဲ့သော်လည်း မန်နေဂျာသည် ဘောင်းဘီအိတ်ထဲမှ လက်ကိုင်ပဝါကို ထုတ်ကာ ဖြန့်လိုက်ပြီး လှေကားထစ်ပေါ်တွင် ခင်းကာ ထိုင်ချလိုက်သည်။ ခုမှပင် သူ့ခါးပတ်ကြားမှာ ဖုဖောင်းထွက်နေသည့် အရာသည် သူ ထင်သလို ခြောက်လုံးပြူး မဟုတ်ဘဲ ဓာတ်မီးတစ်လက်သာ ဖြစ်ကြောင်း ဆရာတော်အိန်ဂျယ် အသေအချာ တွေ့လိုက်ရသည်။

"အိမ်း- လာရင်းကိစ္စကို ဆိုကွဲ့"

မန်နေဂျာသည် မရှူနိုင် မကယ်နိုင် ဖြစ်နေပုံရသည်။ အသက်ပင်ဖြောင့်အောင် မရှူနိုင်ဘဲ အမောတကောဖြင့်-

"ဆရာတော်ဘုရားအနေနဲ့ ကိုယ် ပြုဖွယ်ရှိတဲ့ ကိစ္စကို ပြုတော်မူတယ် ဆိုတာ တပည့်တော် သိပါတယ် ဘုရား၊ ဒါပေမဲ့ ဒီည ကိစ္စကတော့ မှားတော်မူနေပါတယ် ဘုရား"

ဟု လျှောက်လိုက်သည်။

ဆရာတော်အိန်ဂျယ်က ခေါင်းညိတ်ပြလိုက်ပြီး ထပ်လျှောက်မည့် စကားများကို စောင့်စားတော်မူနေခဲ့သည်။

"တာဇံနဲ့ မြစိမ်းရောင် နတ်ကေရီ ဓာတ်ကားက အားလုံး ကြည့်နိုင်တဲ့ ဓာတ်ကားပါ ဘုရား။ ပြီးခဲ့တဲ့ တနင်္ဂနွေတုန်းကလည်း ပြပြီးသားလေ ဘုရား၊ ဆရာတော်လည်း သိတော်မူပါတယ်"

ဆရာတော်က ပြန်ပြောမည်အလုပ်မှာ မန်နေဂျာက လက်ထောင်ပြပြီး ဆက်ပြောပြန်သည်။

"အများပြည်သူ မကြည့်အပ်တဲ့၊ ယုတ်ညံ့တဲ့ ရုပ်ရှင်ကားတွေအတွက် သာသနာပိုင်က ခေါင်းလောင်းထိုး သတိပေးရမယ် ဆိုတာကို တပည့်တော် နားလည်ပါတယ် ဘုရား၊ ဒါပေမဲ့ ဒီဓာတ်ကားကတော့ ကလေးတွေအတွက် ကလေးကြိုက်ကား သက်သက်ပါဘုရား"

mgyoe.com

mgyoe.com SAMPLE BOOK

ဆရာတော်က ထိုတာဖံ ဓာတ်ကားအတွက် ခေါင်းလောင်းထိုးစရာ မလိုမှန်းကို သူ အစကတည်းက သိကြောင်း မန်နေဂျာကို ရှင်းပြခဲ့သည်။

"တကယ်တော့ ဒီနေ့ ခေါင်းလောင်းထိုးရတာ အသုဘ ရှိလို့ကွဲ့။ ဒါလည်း ရုပ်ရှင် မကြည့်အပ်တဲ့ အကြောင်းတရား တစ်ခုထဲမှာ ပါတယ် မဟုတ်လား"

ရုပ်ရှင်ရုံ မန်နေဂျာသည် ဆရာတော်၏ မျက်နှာတော်ကို ကြောင်စီစီကြီး မော်ဖူးနေခဲ့သည်။ သူက-

"မနှစ်တုန်းက ရုပ်ရှင်ရုံထဲမှာ လူတစ်ယောက်ကို ရဲတွေ ပစ်သတ်သွားပြီး အလောင်းကြီး သယ်ထုတ်သွားတာတောင် ရုပ်ရှင်ဆက်ပြနေခဲ့တာပဲ မဟုတ်ဘူးလား ဘုရား"

ဟု ရလိုရငြား စောဒက တက်ကြည့်၏။

"မတူတော့ဘူးကွဲ့၊ မြို့က အတော်ပြောင်းလဲသွားပြီ"

ဆရာတော်က မြွက်ကြားလိုက်၏။

မန်နေဂျာသည် ဆရာတော်၏ ငါ့စကား နွားရ စကားကြောင့် အတော် ခံပြင်းသွားခဲ့သည်။

"ဆရာတော် ဒီလို ထင်သလား ဘုရား၊ ခု ငြိမ်နေလို့ ပြောင်းလဲသွားပြီ ထင်ရင် ဆရာတော် မှားတော့မှာပေါ့ ဘုရား၊ ရွေးကောက်ပွဲနား နီးလာရင် သတ်ပွဲ ဖြတ်ပွဲတွေ တလှိုင်လှိုင် ဖြစ်လာဦးမှာပါလေ၊ ဒီမြို့ဟာ မြို့ရယ်လို့ စတည်စကတည်းက အမြဲတမ်း ဒီအတိုင်းပဲ ဖြစ်ခဲ့တာ မဟုတ်လား ဘုရား"

"အိမ်း- စောင့်ကြည့်ကြသေးတာပေါ့ကွဲ့"

ဆရာတော်ကို မော်ဖူးနေသည့် ရုပ်ရှင်ရုံ မန်နေဂျာသည် ကြေကွဲဝမ်းနည်းသည့် အသွင်ကို ဆောင်လာခဲ့သည်။ သူက အင်္ကျီကြယ်သီးများကို ဖြုတ်ကာ ယပ်ခတ်ရင်း-

"ဒီဓာတ်ကားဟာ အခုနှစ် တစ်နှစ်လုံးအတွက် တိုရေ ရှားရေ ခွင့်ပြုထားတဲ့ သုံးကားမြောက် ဓာတ်ကားပါ ဘုရား၊ တနင်္ဂနွေနေ့က မပြီးလိုက်လို့ ဘယ်လို ဓာတ်သိမ်းမလဲ ဆိုတာ စောင့်ကြည့်ချင်နေကြတဲ့ လူတွေအတွက် ပြရတာပါ ဘုရား"

ဟု လှိုက်လှိုက်လှဲလှဲ လျှောက်ထားလိုက်သော်လည်း-

"အိမ်း- ခေါင်းလောင်းက ထိုးပြီးသွားပကွဲ့"

mgyoe.com

mgyoe.com SAMPLE BOOK

ဆိုသည့် အဖြေကိုသာ စိတ်ပျက်ဖွယ် ရလိုက်သည်။

မန်နေဂျာသည် သက်ပြင်းမောကြီး တစ်ချက်ကို ချလိုက်၏။ ဆရာတော့် အခန်းက လှောင်အိုက်လှ၏။

"ဒါဆို ဘာမှ လုပ်လို့ မရတော့ဘူးပေါ့ ဘုရား"

ဆရာတော်က ခေါင်းယမ်းပြတော်မူသည်။

မန်နေဂျာက ထရပ်လိုက်သည်။

"ဒါဆို တပည့်တော်တို့ ဘာဆက်လုပ်ရမတုံး ဘုရား"

မန်နေဂျာသည် ဖြန့်ခင်းထားသည့် လက်ကိုင်ပဝါကို ကောက်ယူကာ ချွေးသုတ်လိုက်ရင်းက–

"ဘာမှ ဆက်လုပ်စရာ မရှိတော့ပါဘူးလေ။ ဒီလို အောက်တန်းကျလှတဲ့ နေရာမျိုးမှာ ဘာဆက်လုပ်လို့ ရဦးမှာလဲ"

ဟု သူ့ကိုယ်သူ ပြန်ပြောလိုက်သည်။

ဆရာတော်သည် မန်နေဂျာကို တံခါးဝထိ လိုက်လံပို့ဆောင်၏။ တံခါးကို ချက်ထိုး၏။ စာကို ဆက်လက်ရေးဖို့ ပြင်ဆင်၏။ အစမှ ပြန်ဖတ်ပြီး မပြီးသေးသည့် စာပုဒ်ကို ဆက်ရေး၏။

တစ်ပုဒ် ပြီးတော့ ခဏနားကာ စဉ်းစား၏။ ထိုအချိန်တွင် ရုပ်ရှင်ရုံမှ လော်သံ ရပ်သွားပြီး အသံတစ်သံ ထွက်လာခဲ့သည်။

"လေးစားအပ်ပါသော ရွှေပွဲလာ ဧည့်ပရိသတ်အပေါင်းတို့ ခင်ဗျား။ ဒီနေ့ည ကျွန်တော်များရဲ့ ရုံတော်မင်္ဂလာကြီးမှာ တာဇံနဲ့ မြစိမ်းရောင် နတ်ဂေရီဇာတ်ကားကြီးကို ပြသဖို့ စီစဉ်ထားရှိခဲ့သော်လည်း အကြောင်းကြောင်းသော အကြောင်းကြောင်းများကို အကြောင်းပြုပြီး သကာလ မပြသဖြစ်တော့ပါကြောင်း လေးစားစွာ အစီရင်ခံအပ်ပါတယ် ခင်ဗျား၊ ကျွန်တော်များ ရုံတော်မင်္ဂလာ တာဝန်ရှိသူများအနေနဲ့ မြို့လုံးကျွတ် ဝမ်းနည်းပူဆွေးပွဲကို ပါဝင်ဆင်နွှဲပါမည့် အကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား"

ဆရာတော်သည် လော်စပီကာမှ ထွက်လာသော မန်နေဂျာ၏ အသံကို ကျက်မိသွားသဖြင့် သာသာလေး ပြုံးတော်မူလိုက်သည်။

အပူရှိန်က ပိုမို ပြင်းထန်လာခဲ့၏။ ဆရာတော်သည် စာဆက်ရေးမြဲဖြစ်သော်လည်း နှစ်လုံး သုံးလုံးရေးလိုက်၊ ချွေးသုတ်လိုက်၊ ပြန်ဖတ်လိုက်နှင့် စာနှစ်မျက်နှာ ရေးပြီးသွားခဲ့သည်။ ဆရာတော်သည် စာအဆုံးတွင် လက်မှတ်

mgyoe.com

 SAMPLE BOOK 

ကို ခပ်သော့သော့ ထိုးလိုက်သည်။ ပွန္တေးသည့် မြေငွေ့များက အိမ်ခန်းတစ်ခွင် သိုင်းခြုံ ရစ်လွှမ်းလာခဲ့သည်။ ဆရာတော်သည် စာအိတ်ပေါ်တွင် လိပ်စာ ရေးလိုက်သည်။ မင်ဘူးကို ပိတ်ကာ စာကို ခေါက်ရန် ပြင်လိုက်သည်။ နောက်ဆုံး စာပုဒ်ကို သူ ပြန်ဖတ်သည်။ မင်ဘူးကို သူ ပြန်ဖွင့်သည်။ ထို့နောက် စာတစ်ပုဒ် ထပ်ဖြည့်ခဲ့သည်။

'မိုးတွေ ရွာနေပြန်ပြီလေ။ ဒီဆောင်းနဲ့ ဒီအကြောင်းတွေကတော့ ကျုပ် မင်းကို ပြောခဲ့ပြီးတဲ့အတိုင်းပါပဲ။ နောက်ထပ် ခါးသီးတဲ့ နေ့ရက်တွေ လာလိမ့်ဦးမယ်လို့တော့ ကျုပ်စိတ်မယ် ထင်နေမိတယ်''

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၂

သောကြာနေ့သည် ပူနွေး ခြောက်သွေ့စွာဖြင့် အရုဏ်တက်လာခဲ့သည်။ တရားသူကြီး အာကာဒီယိုသည် စတင်ပြုမိချိန်ကတည်းက ညစဉ် သုံးချိန် သုံးခါ ပြုမြဲဖြစ်သော သံဝါသအမှုကို မပျက်မကွက် ပြုရင်း အထွတ်အထိပ် အချိန်ကာလသို့ ရောက်လုခါနီးဝယ် ခြင်ထောင်ကြီးများ ပြတ်ကာ အမျိုးသမီးရော သူပါ ခြင်ထောင်နှင့် လုံးထွေးရင်း စုံးစုံးမြေသို့ ကျခဲ့ကြရာ၏။

"ဒီတိုင်း ထားလိုက်၊ ဘာဖြစ်ဖြစ် နောက်မှ ရှင်းမယ်"

ဆိုသည့် သူ့အဖော်၏ စားမာန်ခုတ်သံကို မပီမသ ကြားလိုက်ရသေးသည်။ ခဏနေတော့ နှစ်ယောက်စလုံး ခြင်ထောင်ပုံကြီးထဲက ဝတ်လစ်စားလစ် ကိုယ်စီနှင့် လူးလဲထလာကြပြီး တရားသူကြီးမင်းလည်း ကိုယ်လက်သန့်စင်ရန် သတိရတော့သည်။ သူ ပြန်လာတော့ အမျိုးသမီးက အဝတ်အစား အပြည့်အစုံ ဝတ်ပြီး ခပ်တည်တည်နှင့် ခြင်ထောင်ကြီး ပြန်ဆင်နေသည်ကို တွေ့ရ၏။ သူက ထိုမိန်းမကို မကြည့်ဘဲ ခုတင်စွန်းမှာ ထိုင်ပြီး ဖိနပ်စီးနေ၏။ အသက်ရှူသံက တော့ ခုထိ တရှူးရှူး တရှဲရှဲ။ မိန်းမကတော့ အာသာမပြေသေးဟန်ဖြင့် သူ့နားကပ်ကာ ပွတ်သီးပွတ်သပ် လုပ်နေပြန်သဖြင့်-

"ငါ တစ်ယောက်တည်း နေစမ်းပါရစေဦး"

ဟု စူပုပ်ပုပ်ဖြင့် ငေါက်ထုတ်လိုက်သည်။

mgyoe.com

သို့သော် တရားသူကြီး၏ အိပ်ဖော်မလေးသည် တခိခိ ရယ်ရင်းက သူ့နောက်မှ ခုန်ဆွ ခုန်ဆွ လိုက်ကာ သူ့ခါးကို တို့ရင်း-

"မြည်းကြီး မြည်းကြီး ကိစ္စပြီး၊ သူ့မှာ စပ်ဖြီးဖြီး"

ဟု အော်ရင်း ကလူကျီစယ်နေခဲ့သည်။ တရားသူကြီးမင်းက သူ့ခါးကို တို့နေသော မိန်းမ၏ လက်များကို စိတ်ဆိုးမာန်ဆိုး ပုတ်ချတော့ သူက အော်ရယ်နေပြန်သည်။ သို့သော် သူ့အသွင်က ချက်ချင်း အလန့်တကြားပုံစံ ပြောင်းသွားပြီး-

"ဘုရားရေ" ဟု မြည်တမ်းလိုက်သည်။

"ဘာတုံး"

"ရှင် ဘာလို့ တံခါးကြီးဟောင်းလောင်း ဖွင့်ထားခဲ့တာလဲ၊ သောက်ရှက်တွေတော့ ဖြန်းဖြန်းကွဲကုန်ပါပြီတော်"

ဟု အော်လိုက်သဖြင့် တရားသူကြီးမင်းလည်း လန့်ဖျပ်သွားခဲ့သည်။ ထိုအချိန်မှာ ထိုမိန်းမသည် ရေချိုးခန်းထဲ ဝင်သွားပြီး အူလှိုက်သည်းလှိုက် အော်ရယ်နေပြန်တော့သည်။

တရားသူကြီး အာကာဒီယိုသည် နံနက်စာကို စောင့်မနေတော့၊ သွားတိုက်ဆေးရန့် သင်းပုံ့ပုံ့၊ အရသာ ပူရှိန်းရှိန်းကို ခံတွင်းက ခံစားရင်း အိမ်မှ ထွက်လာခဲ့သည်။ နေမင်းသည် ကြေးနီရောင်အဆင်းဖြင့် စတင် ထွန်းလင်းစပြုပြီ။ ကမ်းနားလမ်းတစ်လျှောက်ရှိ အိမ်ဆိုင်များမှာတော့ ဆီးရီးယန်းတွေ အိမ်တံခါးဖွင့်ကာ ငုတ်တုတ်ထိုင်နေခဲ့ကြသည်။ ဒေါက်တာ ဂီရယ်လ်ဒို၏ ရုံးခန်းရှေ့ ရောက်တော့ သူ တံခါးခေါက်ကာ အော်ပြောလိုက်သည်။

"ဒေါက်တာရေ၊ အကောင်းဆုံး ခေါင်းကိုက်ပျောက်ဆေးက ဘာတုံးဗျ"

အတွင်းမှ ဆရာဝန်၏ တုံ့ပြန်သံက မဆိုင်းမတွ ထွက်ပေါ်လာခဲ့သည်။

"ညဘက် သေရည်သေရက် ရှောင်ကြဉ်ခြင်းပေါ့ဗျ"

ဆိပ်ကမ်းဘက်မှာတော့ မိန်းမတစ်အုပ်သည် ညက လာကပ်သွားသော ပစ်စာပါ အကြောင်းခြင်းရာများကို အော်ကြီးဟစ်ကျယ် ပြောဆိုနေခဲ့ကြသည်။ ထိုနေ့က မိုးမရွာဘဲ သာသာယာယာ ရှိသဖြင့် ထိုမိန်းမတို့သည် နံနက်ငါးနာရီ ဝတ်တက်ဖို့အသွား ထိုစာကို ဖတ်မိကြဟန်တူ၏။ သူတို့ ကုလားသိုက်ကျားဝင်ကိုက်သလို ဆူညံ ပွက်လောရိုက်အောင် အာပေါင်အာရင်းသန်သန်

mgyoe.com

mgyoe.com
SAMPLE BOOK


ပြောနေကြပုံထောက်လျှင် ထိုအကြောင်း တစ်မြို့လုံး သိပြီး ဖြစ်ဟန်တူ၏။ တရားသူကြီး အာကာဒီယိုသည် နဖားကြိုးထိုးထားသော နွားကြီး တင်းကုပ်ပြန်သကဲ့သို့ ကော်ဖီဆိုင်သို့ တန်းတန်းမတ်မတ် လျှောက်လှမ်းလာခဲ့သည်။ ဘီယာအေးအေး တစ်လုံး မှာ၏။ ခေါင်းကိုက်ပျောက်ဆေး တစ်လုံး ပေးရန်လည်း ပြော၏။ နံနက် ကိုးနာရီ မထိုးသေးသော်လည်း ဆိုင်ထဲမှာ လူပြည့်နေခဲ့ပြီ။

'ကြည့်ရတာ တစ်မြို့လုံး ခေါင်းကိုက်နေပုံရတယ်'

တရားသူကြီးမင်းက လူအုပ်ကို ဝေ့ကြည့်ရင်း အသံတိတ် ကောက်ချက်ချလိုက်သည်။

သူသည် ဘီယာပုလင်းကို ကိုင်ကာ လူသုံးယောက် ဘီယာဝိုင်းဖွဲ့နေသည့် စားပွဲတစ်လုံးသို့ လျှောက်သွားပြီး ထိုင်ခုံလွတ် တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

''ပစ်စာ အရေးခံရတဲ့ သူတွေ ရှိနေတုံးပဲလား''

စားပွဲမှာ ထိုင်ထိုင်ချင်း သူက မေးလိုက်သည်။

''ဒီမနက်ကို လေးယောက်ဗျား''

ထိုင်နေသူ တစ်ယောက်က ပြောလိုက်သည်။

''ခု လူတိုင်း ပြောနေကြတဲ့ စာတမ်းက ရေကွယ် ကွန်ထရီရက်စ် အကြောင်းပေါ့''

တရားသူကြီးမင်းက ခေါင်းကိုက်ပျောက်ဆေးကို ဘီယာဖြင့် မျှောချလိုက်၏။ ဘီယာက ပထမတစ်ကျိုက်မှာ ဘာမှ အရသာ မရှိ၊ သို့သော် သူ့ဝမ်းဗိုက်၊ သူ့ အစာအိမ်က တဖြည်းဖြည်း အရသာရှိလာအောင် ပြုပြင်ပေးလိုက်သဖြင့် နောက်တစ်ကျိုက်မှာ အရသာတွေ့လာခဲ့သည်။

''ဘာအကြောင်းတုံးဗျ''

''အလကား အရှုံးချေးပန်းတွေပါဗျာ။ ဒီနှစ် ထွက်ခဲ့ရတဲ့ ခရီးက အံကပ်တွေ ပြုတ်ထွက်လောက်အောင် မကြမ်းဘူး ဆိုပေမယ့် ကိုယ်ဝန်တော့ ပျက်ကျသွားခဲ့တယ်တဲ့''

''အလကားတော့ ဟုတ်ဟန် မတူဘူးဗျ၊ ဘာအဓိပ္ပာယ်မှ မရှိတဲ့ ကိစ္စကိုတော့ ဒုက္ခခံပြီး ရေးကြ၊ သက်စွန့်ဆံဖျား ကပ်ကြ လုပ်မှာ မဟုတ်ဘူး၊ ခု လူတိုင်း ဒီအကြောင်း ပြောနေကြတာ မဟုတ်လား''

တရားသူကြီးမင်း ဆိုင်ထဲမှ ထွက်လာတော့ နေသည် သူ့မျက်ခွံများကို ပေါက်ထွက်မတတ် ပူနေခဲ့ပြီ။ အရဏ်တက်ချိန်တုန်းကလို နမူးနထိုင်း

mgyoe.com

mgyoe.com SAMPLE BOOK


လုပ်နေ၍ မရတော့။ တရားရုံးသို့ သုတ်ခြေတင်ရ၏။ အိုမင်းရွတ်တွနေသည့် သူ့အတွင်းရေးမှူး အဘိုးကြီးသည် ကြက်ကြီးတစ်ကောင် အမွေးနုတ်နေရင်းက တရားသူကြီးမင်းကို အယုံအကြည်မဲ့သည့် မျက်လုံးအစုံဖြင့် မျက်မှန်အောက်မှ ကြည့်နေခဲ့သည်။

"ကျွန်တော်တို့ ဘာလုပ်ကြမှာလဲ"

"ဘာလုပ်ရမတုံးဗျ၊ ပစ်စာသမားတွေကို နှိမ်နင်းရမှာပေါ့"

တရားသူကြီးမင်းက အတွင်းရေးမှူးအိုကြီးအား အဖြေ ပေးလိုက်သည်။

အတွင်းရေးမှူး အဘိုးကြီးသည် ခြံထဲ ဆင်းသွားပြီး အမွေးနုတ်ပြီးသား ကြက်ကို ဟိုတယ်သို့ ပေးလိုက်သည်။ တရားသူကြီးမင်း ရာထူးကို လက်ခံပြီး ကတည်းက ဆယ့်တစ်လအတွင်း ပထမဆုံးအကြိမ်အဖြစ် အာကာဒီယိုသည် တရားသူကြီး အလုပ်စားပွဲတွင် ထိုင်ချလိုက်သည်။

တရားသူကြီးရုံးသည် အလယ်က သုံးထပ်သားဖြင့် ကာရံကာ နှစ်ပိုင်း နှစ်ခြမ်း ခွဲခြားထား၏။ အပြင်ဘက်အခန်းတွင် တရားစောင့်နတ်သမီး ပုံတူ ပန်းချီကားတစ်ချပ်သာ ချိတ်ဆွဲထား၏။ အတွင်းခန်းမှာတော့ စားပွဲနှစ်လုံး မျက်နှာချင်းဆိုင် တည်ထား၏။ ဖုန်အလိမ်းလိမ်း တက်နေသည့် စာအုပ်များ ထောင်ပုံ ရာပုံ တင်ထားသည့် စာအုပ်စင်အချို့လည်း ရှိ၏။ လက်နှိပ်စက်အို တစ်လုံးလည်း ရှိသေး၏။ တရားသူကြီးစားပွဲနောက်ရှိ နံရံမှာတော့ လက်ဝါးကပ် တိုင်တွင် ကားစင်တင်ခံထားရရှာသော ခရစ်တော်၏ ပုံတူ ကြေးကားချပ် ရှိ၏။ တစ်ဖက်နံရံမှာတော့ 'တရားမျှတ လွတ်လပ်ခြင်းရဲ့ အမွေ တို့ပြည်' ဆိုသည့် ရွှေစာလုံးကြီး ရေးထိုးထားသည့် သမ္မတ ဝတ်ရုံလွှာကို ဝတ်ဆင်ထားသော ပုပုဝဝ ထိပ်ပြောင်ပြောင် လူတစ်ယောက်၏ ပြုံးပြုံးကြီး လုပ်နေသည့် ဓာတ်ပုံ ကားချပ်ကို ဘောင်သွင်းချိတ်ဆွဲထားသည်။ ပြောရလျှင် တရားရုံး တစ်ရုံးလုံးမှာ အသစ်လွင်ဆုံး တစ်ခုတည်းသော ပစ္စည်းသည် ထိုဓာတ်ပုံပင် ဖြစ်တော့၏။

အတွင်းရေးမှူးအိုသည် လက်ကိုင်ပဝါဖြင့် မျက်နှာကို စည်းကာ အခန်းထဲမှ ဖုန်များကို စတင် လှည်းကျင်းသုတ်သင်တော့၏။

"နှာခေါင်းပိတ်ထားနော်၊ နို့မို့ရင် ဖုန်တွေဝင်ပြီး ချောင်းဆိုးလိမ့်မယ်"

ဟု သူက တရားသူကြီးကို သတိပေးရှာသည်။ တရားသူကြီးမင်း ကတော့ သူ ပြောတာကို အရေးမလုပ်ဘဲ စပရိန် ကုလားထိုင်ပေါ် ထိုင်ကာ

mgyoe.com

နိုင်၊ မနိုင် စမ်းသည့်အနေဖြင့် ဟိုယိမ်း ဒီယိမ်း ပြုကြည့်နေခဲ့သည်။

"ဒီကုလားထိုင်ကြီးကော တုံးလုံးလဲသွားသလား"

တရားသူကြီး၏ ဆိုင်းမဆင့် ဗုံမပါ အမေးကို အတွင်းရေးမှူး အဘိုးကြီးက ခေါင်းခါပြလိုက်သည်။ ပြီးမှ–

"သူတို့ အရင်တရားသူကြီး ဗိုင်တီလာကို သတ်ကြတုန်းကတော့ ဒီကုလားထိုင်က စပရိန်တွေ ပြုတ်ထွက်ကုန်တယ်။ ဒါပေမဲ့ အကုန် ပြန်ပြင်ပြီးသားပါ ခင်ဗျ"

ဟု ပြောလိုက်သည်။ သူ့မျက်နှာတွင် စည်းထားသော လက်ကိုင်ပဝါကို မချွတ်ဘဲ သူ ဆက်ပြောပြန်၏။

"အစိုးရ ပြောင်းသွားပြီးပြီးချင်း မြို့တော်ဝန်ကိုယ်တိုင် ဒီကုလားထိုင်ကို ပြင်ဖို့ အမိန့်ထုတ်ခဲ့တာ ခင်ဗျ၊ စုံထောက်တွေ ဆိုတာ ဘာပြောကောင်းမလဲ၊ ထပ်ထပ်ကို ကြမ်းနေတာပဲ"

"အင်းလေ၊ မြို့တော်ဝန်က ဒီရုံး ပုံမှန်လည်ပတ်နေတာကို မြင်ချင်ရှာသကိုး"

တရားသူကြီး အာကာဒီယိုက ထိုသို့ ပြောလိုက်ပြီးနောက် စားပွဲ အံဆွဲကို ဖွင့်ကာ သော့တွဲကြီး တစ်တွဲကို ယူလိုက်ပြီး ပိတ်ထားသည့် အံဆွဲ၊ ဗီရိုများကို သော့များဖြင့် တစ်ချောင်းပြီး တစ်ချောင်း စမ်းဖွင့်နေ၏။ အံဆွဲတိုင်းမှာ စာရွက်တွေ အထပ်လိုက်။ တရားသူကြီးမင်းသည် စာရွက်များကို လှန်လှော ကြည့်ရှု၏။ ဘာမှ စိတ်ဝင်စားစရာ မရှိတာ သေချာလွန်း၏။ ထို့နောက် အံဆွဲများကို နေသားတကျ ပြန်ပိတ်ကာ စားပွဲကို သူ ရှင်း၏။ မင်နီဘူး၊ မင်ပြာဘူး၊ ဖောင်တိန်များကို စနစ်တကျ နေရာချ၏။ မင်ဘူးတွေက မင်မရှိဘဲ ခြောက်ကပ်နေခဲ့သည်။

"မြို့တော်ဝန်မင်းက တရားသူကြီးမင်းကို သဘောကျတယ် ထင်တယ်နော်"

အတွင်းရေးမှူး အဘိုးကြီးက စကားစလာပြန်သည်။

စပရိန်ကုလားထိုင်ကို ရှေ့တိုး နောက်ငင် လှုပ်ယမ်းကာ ထိုင်နေသည့် တရားသူကြီးမင်းသည် အတွင်းရေးမှူးကြီးကို တစ်ချက် ကြည့်လိုက်သည်။ သူ့အကြည့်က အဓိပ္ပာယ်ဖော်ရန် ခက်လှသည်။ ကြေကွဲနေသလိုလို၊ ဝမ်းနည်းနေသလိုလို။ အဘိုးကြီးသည် တရားသူကြီးမင်းကို လက်ညှိုးထိုး၍–

mgyoe.com

mgyoe.com SAMPLE BOOK

"ဟုတ်ပဗျာ၊ အဲဒီ အတိုင်းပဲ၊ အဲဒီ ပုံစံပဲ၊ သူတို့ လာသတ်ကြတုန်းက တရားသူကြီး ဗိုင်တီလာလည်း အဲသလို ထိုင်နေတာဗျ"

ဟု ပြောလိုက်လေ၏။

၀

တရားသူကြီး အာကာဒီယိုသည် နားထင်ကို လက်ဖြင့် ဖိထား၏။ သူ ခေါင်းပြန်ကိုက်လာချေပြီ။ အတွင်းရေးမှူး အဘိုးကြီးက လက်နှိပ်စက်ကို လက်ညှိုးထိုးကာ–

"အဲဒီတုန်းက ကျွန်တော်က ဟိုနားမှာလေ"

ဟု ဆက်ပြောပြန်၏။ အဘိုးကြီးသည် ကိုင်ထားသော တံမြက်စည်းကို ရိုင်ဖယ်ကိုင်ထားဟန်ဖြင့် တရားသူကြီး အာကာဒီယိုကို ထိုးချိန်လိုက်၏။ စာပို့လှည်းတွေကို ဓားပြဝင်တိုက်သော ကောင်းဘွိုင်ရုပ်ရှင်တွေထဲက ဓားပြအိုကြီးနှင့် တူတူသေးတော့။

"ရဲသုံးယောက်က ဟောဒီလို ရပ်နေတာဗျ၊ တရားသူကြီး ဗိုင်တီလာက သူတို့ကိုလည်း မြင်ရော လက်ကလေး ထောင်ပြပြီး ကျုပ်ကို မသတ်ကြပါနဲ့ဗျာလို့ တိုးတိုးလေး ပြောရှာတယ်လေ။ ဘယ်– ခဏနေတော့ ကုလားထိုင်တခြား လူတခြား ကျွမ်းပြန်ကျသွားတော့တာပဲ"

တရားသူကြီး အာကာဒီယိုသည် လက်ဖနောင့်နှစ်ဖက်ဖြင့် သူ့ခေါင်းကို ဖျစ်ညှစ်ထားသည်။ ကိုက်လိုက်သည့်ခေါင်းက တဒိန်းဒိန်း အသံတွေတောင် မြည်နေသလို ထင်ရသည်။ အတွင်းရေးမှူး အဘိုးကြီးသည် နားခေါင်းတွင် စည်းထားသည့် လက်ကိုင်ပဝါကို ဖြုတ်ကာ တံမြက်စည်းကို တံခါးနောက်တွင် ထောင်ထားလိုက်၏။ သူက ဆက်ပြောလိုက်၏။

"တရားသူကြီး ဗိုင်တီလာ ဘာလို့ အသတ်ခံရတာလဲ ဆိုတော့ လျှို့ဝှက်မဲပေးထားတဲ့ မဲပုံးထဲက မဲတွေ အမှန်အတိုင်း ဖြစ်စေဖို့ အာမခံတယ်လို့ မူးပြီး လျှောက်ပြောလို့လေ"

အတွင်းရေးမှူးအိုကြီးသည် ဗိုက်ကို လက်နှစ်ဖက်ဖြင့် နှိပ်ထားသည့် တရားသူကြီးမင်း အာကာဒီယိုကို ကြည့်ရင်း–

"နေမကောင်းဘူးလား တရားသူကြီးမင်း"

mgyoe.com

mgyoe.com

ဟု မေးလိုက်သည်။

တရားသူကြီးက နေမကောင်းကြောင်း ပြော၍ ဘီယာအေးအေး နှစ်ပုလင်းနှင့် ခေါင်းကိုက်ပျောက်ဆေး တစ်လုံး သွားဝယ်ခိုင်း၏။ ဘီယာ တစ်လုံး ဝင်သွားသောအခါ တရားသူကြီး အာကာဒီယိုသည် ခုနက သရိုးသရီ ဖြစ်နေတာတွေ ပျောက်သွားပြီး လူကောင်းပကတိ ပြန်ဖြစ်သွားခဲ့သည်။

အတွင်းရေးမှူးအိုကြီးသည် လက်နှိပ်စက်ရှေ့တွင် ထိုင်ရင်းက–

''ခု ဘာလုပ်ရမလဲ''

ဟု မေးလိုက်သည်။

''ဘာမှ မလုပ်နဲ့''

တရားသူကြီးက ဖြေလိုက်သည်။

''ဒါဆို ကျွန်တော် မာရီယာ့ကို ကြက်မွေး သွားကူနုတ်လိုက်ဦးမယ်''

ဒါကိုတော့ တရားသူကြီးမင်းအနေနှင့် လက်မခံနိုင်။

''ဒီမှာ– ဒီရုံးက တရားရေးကိစ္စတွေ ဆောင်ရွက်ဖို့ ဖွင့်ထားတာ၊ ကြက်မွေးနုတ်ဖို့ ဖွင့်ထားတာ မဟုတ်ဘူး''

ဟု ခပ်ထန်ထန် ပြောလိုက်ပြီးမှ အတွင်းရေးမှူး အဘိုးကြီး တစ်ကိုယ်လုံးကို ခြေဆုံး ခေါင်းဆုံး ကြည့်ရင်း ကရုဏာသက်သည့် လေသံဖြင့်–

''နောက်နေ့ ရုံးတက်ရင် ခြေညှပ် ဖိနပ်ကြီးနဲ့တော့ မလာပါနဲ့ဗျာ၊ ရှူးကလေး ဘာလေး စီးခဲ့ဦးမှပေါ့''

ဟု ပြောလိုက်လေသည်။

၀

မွန်းတည့်ခါနီးလေ၊ အပူရှိန်က ပိုပြင်းလေ။ နေ့လယ် ဆယ့်နှစ်နာရီ ထိုးတော့ တရားသူကြီးသည် ဘီယာ တစ်ဒါဇင်တိတိ သောက်မျိုပြီးခဲ့ပြီ။ သူသည် အတိတ်ကာလ အမှတ်တရ ချိုမြမြများကြားမှာ ပေါလောမျောနေခဲ့၏။ ရှည်လျားလှသည့် တနင်္ဂနွေနေ့များ၊ ပင်လယ်နှင့် သောက်လေ သောက်လေ ငတ်မပြေနိုင်အောင် ဆွဲဆောင်အားကောင်းလှသည့် မူလက်တို အပျိုရိုင်းလေး များ။

''ဘဝဆိုတာ အဲသလို ဖြစ်နေရမှာလေ''

mgyoe.com

 m gyde.c o m SAMPLE BOOK 

တရားသူကြီးမင်း၏ စကားကို ငူငိုင်ငိုင်ကြီး နားထောင်နေသည့် အတွင်းရေးမှူးကြီးက ခေါင်းညိတ် ထောက်ခံလိုက်၏။ တရားသူကြီးမင်းသည် ပိုမိုမူးယစ်လာ၏။ သူ၏ အတိတ်ကာလ ချိုမြမြများမှာလည်း ပိုမို ဆွဲဆောင်အား ကောင်းလာခဲ့၏။ နေ့လယ် တစ်နာရီ ထိုးသောအခါ အတွင်းရေးမှူးကြီးသည် စိတ်မရှည်နိုင်အောင် ဖြစ်လာတော့သည်။

''စွပ်ပြုတ်တွေ အေးကုန်တော့မယ်''

သို့သော် တရားသူကြီးမင်းက သူ့ကို ပေးမထ။

''ဒီလိုမြို့မျိုးမှာတော့ အစွမ်းအစ အရည်အချင်းရှိတဲ့ လူ တစ်ထောင်မှာ တစ်ယောက် မရှိဘူးဗျ''

အပူဒဏ်ကြောင့် နုံးခွေနေပြီ ဖြစ်သည့် အတွင်းရေးမှူး အဘိုးကြီးသည် တရားသူကြီးမင်းအား ကျေးဇူးတင်စကား ပြောကာ ထိုင်ရာမှ ထလိုက်၏။ လွန်ပြီ။ လွန်လွန်းအားကြီးလှပြီ။ တစ်မြို့လုံး တစ်ရေး အိပ်စက်နေချိန်မှာ သူ နာရီဝက်ခန့် မထတမ်း စကားပြောနေခဲ့သည်။ အတွင်းရေးမှူး အဘိုးကြီးသည် ပစ်စာအကြောင်း စကား,စ၏။ တရားသူကြီး အာကာဒီယိုက ပခုံး နှစ်ဖက်ကို တွန့်ပြလိုက်ပြီး-

''ခင်ဗျားလည်း ဒါတွေ စိတ်ဝင်စားသကိုး''

ဟု ဆိုလိုက်သည်။

တကယ်တော့ ဆာလည်း ဆာ၊ အသက်ရှူလည်း ကျပ်လျက်ရှိသည့် အတွင်းရေးမှူးအိုကြီးသည် စကားဆက်ပြောချင်စိတ် အလျှင်း မရှိတော့ပါ။ သို့သော် ပစ်စာများသည် အရူးဈေးပန်း ရေးချင်တာ လျှောက်ရေးထားသည့် ပေါက်ပန်းဈေးစာများ ဟူ၍တော့ သူ မယူဆခဲ့။

''ဒါတွေကို စိတ်ဝင်စားသကိုး မလုပ်နဲ့ တရားသူကြီးမင်းရေ၊ ခုပဲ လူတစ်ယောက် သေပြီဗျာ။ ဒီတိုင်း ဆက်ဖြစ်နေရင် အခြေအနေက ဆိုးသည်ထက် ဆိုးဖို့ပဲ ရှိတယ် မဟုတ်လား''

အတွင်းရေးမှူး အဘိုးအိုသည် ပစ်စာများကြောင့် ခုနစ်ရက်အတွင်း ပျက်စီးသွားခဲ့ရသည့် မြို့တစ်မြို့အကြောင်း တရားသူကြီးမင်းကို ပြောပြနေခဲ့သည်။ မြို့ခံများသည် နောက်ဆုံးမှာ မယုံသင်္ကာစိတ်အပြည့်ဖြင့် တစ်ဦးနှင့် တစ်ဦး ရရာ လက်နက် စွဲကိုင်ကာ တွေ့ရာသင်္ချိုင်း စားမဆိုင်း သတ်ဖြတ်ခဲ့ကြသည်။ အသက်ရှင် ကျန်ရစ်သူများက တွင်းနက်ကြီးများ တူးကာ သေသူတို့၏

mgyde.com

mgyoe.com SAMPLE BOOK


အရိုးများကို မြုပ်နှံပစ်ခဲ့ကြသည်။ ဒီလိုမှ သူတို့၏ ဝိညာဉ်များ မြို့ကို ထပ်မံ မနှောင့်ယှက်နိုင်မည် ဆိုပဲ။ အဘိုးကြီး၏ စကားများကို တရားသူကြီးက အင်္ဂျီ ကြယ်သီး ဖြုတ်ရင်း နားထောင်ရင်းက ပြုံးတုံ့တုံ့ ဖြစ်လာခဲ့သည်။ ကြည့်ရတာ အဘိုးကြီးသည် တစ္ဆေ၊ သရဲ ပုံပြင်ရူး ဖြစ်ပုံရ၏။

''ဒါ ဘာဟုတ်လိမ့်ဦးမလဲ''

တရားသူကြီးမင်းက ထိုသို့ မှတ်ချက်ချလိုက်ပြီး တက္ကသိုလ်မှာတုန်းက လျှို့ဝှက်ဆန်းကြယ်သည့် ရာဇဝတ်မှုများကို ဖော်ထုတ်သည့် အပျော်တမ်း အဖွဲ့အစည်း တစ်ခုတွင် သူ မည်သို့ ပါဝင်ခဲ့ပုံများကို ပြန်ပြောင်း ပြောပြတော့ သည်။ အဖွဲ့ဝင်များသည် ချောက်ချားဖွယ် ဆန်းကြယ်သည့် စုံထောက်ဝတ္ထုများ ကို သပွတ်အူ ရှာလည်ခန်း ရောက်သည်အထိ ကိုယ်စီကိုယ်င ဖတ်ကြပြီး တနင်္ဂနွေနေ့တွင် ဆုံကာ ထိုဝတ္ထုများထဲက လျှို့ဝှက်ချက်များကို ဝိုင်းဝန်း အဖြေထုတ်တတ်ကြ၏။

''ကျွန်တော် အဲဒီတုန်းက တစ်ရက်မှ မပျက်ခဲ့ဘူးဗျ။ ကျွန်တော်က လူသားရဲ့ အသိဉာဏ်ပညာနဲ့ ဆင်ခြင်တုံတရားဟာ ဘယ်လျှို့ဝှက်ချက်ကို မဆို ဖော်ထုတ်နိုင်မယ်လို့ ခံယူတယ်လေ''

ဤသို့ဖြင့် တရားသူကြီးမင်းသည် ရင်သိမ့်တုန် လျှို့ဝှက်သည်းဖို ဇာတ်လမ်းတစ်ပိုဒ်ကို အဘိုးကြီးအား ပြောပြ၏။ ပိန်းပိတ်အောင် မှောင်သော ညတစ်ည၊ ဆယ်နာရီခန့်မှာ လူတစ်ယောက် ဟိုတယ်တစ်လုံးသို့ ရောက်လာခဲ့ ၏။ ငွေရှင်းပြီး အခန်းယူ၏။ သူ့အခန်းသို့ တန်းတန်းမတ်မတ် တက်သွား၏။ နောက်တစ်နေ့ မနက် ဟိုတယ် ဝန်ထမ်းကလေး သူ့အခန်းသို့ ကော်ဖီ သွားပို့ တော့ ပုပ်သိုးနေသည့် သူ့အလောင်းကို တွေ့ခဲ့ရသည်။ ရင်ခွဲစစ်ဆေးသည့်အခါ ထိုအလောင်းသည် ပြီးခဲ့သည့် တစ်ပတ်က သေဆုံးခဲ့ကြောင်း အတည်ပြုနိုင်ခဲ့ သည်။

အဘိုးကြီးက အရိုးအဆစ်တွေ တကျိုးကျိုး တဂျွတ်ဂျွတ် သံစုံ မြည်ဟိန်း ကာ မတ်တတ်ထရပ်လိုက်သည်။

''ဒါဖြင့်- သူ ဟိုတယ်မရောက်ခင် တစ်ပတ်ကတည်းက ဒီလူဟာ သေခဲ့ပြီးသားပေါ့''

အဘိုးကြီး၏ ကြားဖြတ်မှတ်ချက်ကို တရားသူကြီးက ဂရုစိုက်ခြင်း အလျှင်း မရှိဘဲ-

mgyoe.com

m gyoe .com
SAMPLE BOOK


"ဒီဝတ္ထုကို လွှန်ခဲ့တဲ့ ဆယ့်နှစ်နှစ်က ရေးခဲ့တာ၊ ဒါပေမဲ့ ဒီဝတ္ထုရဲ့ အဓိက သဲလွန်စကို ခရစ်တော် မပေါ်ခင် နှစ်ပေါင်း ငါးရာလောက် စောပြီး ဟီရာကလစ်တပ်စ်က ပေးခဲ့ပြီးပြီ"

တရားသူကြီးက သူ့ စကားကို ဆက်ရှင်းမည် ပြု၏။ သို့သော် အဘိုးကြီး ကြည့်ရသည်မှာ အကဲမရ။ ဒေါပွနေပုံရ၏။ သူက ခပ်ဆတ်ဆတ် ပြောလိုက်သည်။

"ကဲပါ– ဒါဆို ခု ပစ်စာတွေကို ဘယ်သူ ရေးနေသလဲ၊ ဘယ်သူ ဖြန့်နေသလဲ"

တရားသူကြီး အာကာဒီယိုက အဘိုးကြီးကို စွေစောင်းကြည့်လိုက်ပြီး–

"ကျုပ် တရားခံကို မကြာခင် ဖော်ထုတ်နိုင်မယ် ဆိုတာ လောင်းလိုက်ချင်သေးရဲ့ဗျာ"

ဟု ဆိုလိုက်သည်။

အတွင်းရေးမှူး အဘိုးအိုက တရားသူကြီးမင်းကို စိုက်ကြည့်လိုက်ပြီး–

"ကျွန်တော် တရားသူကြီးမင်း လောင်းတာကို လက်ခံပါတယ်"

ဟု ပြန်ပြောလိုက်လေသည်။

၆

တရားရုံးနှင့် မျက်နှာချင်းဆိုင်ရှိ အိမ်တစ်လုံးမှ ပူအိုက်လှောင်ပိတ်လှသည့် အိပ်ခန်းတစ်ခုအတွင်းမှာ ရီဘက်ကာအေးစစ်သည် ကုန်းပေါ် တင်ခံရသည့် ငါးကဲ့သို့ အသက်ရှူကျပ်လှ၍ ဟစိ ဟစိ ဖြစ်နေခဲ့သည်။ ရီဘက်ကာသည် ဘယ်လိုမှ အိပ်ဖို့ မဖြစ်နိုင်လောက်အောင် ပူပြင်းခြောက်သွေ့လှသည့် နေ့လယ်ခင်း တစ်ရေး အိပ်ချိန်မှာ ခေါင်းအုံးထဲ ခေါင်းနှစ်ရင်း အိပ်ပျော်နိုင်ဖို့ မိုက်မိုက်မဲမဲ ကြိုးစားနေခဲ့သည်။ ခေါင်းကိုက်လှသည့်အတွက် မီးကင်ထားသည့် သစ်ရွက် နှစ်ရွက်ကို သူ့နားထင် တစ်ဖက်တစ်ချက်မှာ ကပ်ထားရသည်။

"ရော်ဘတ်တို..."

ရီဘက်ကာက သူ့ယောကျ်ားကို လှမ်းခေါ်၏။

mgyoe.com

mgyoe.com

SAMPLE BOOK


''ပြတင်းပေါက်လေးဘာလေး ဖွင့်စမ်းပါဦး။ ဒီမှာ ပူလို့ သေတော့မယ်''

ရော်ဘတ်တိုအေးစစ်က ပြတင်းပေါက် ထဖွင့်လိုက်သည်။ ထိုအချိန်မှာပင် တရားသူကြီးမင်း အာကာဒီယို တစ်ယောက် တရားရုံးထဲမှ ထွက်လာခဲ့သည်။

''ပြန်အိပ်လိုက်ပါဦး''

ညဝတ်အင်္ကျီရှည် တစ်ထည်ကို ဘာမှ အောက်က မခံဘဲ ဒီအတိုင်း ဝတ်ကာ ခြေကားရား လက်ကားရား ဖြစ်နေသည့် သူ့မိန်းမကို ကြည့်၍ ရော်ဘတ်တိုအေးစစ်က ပြောလိုက်သည်။

''ငါ မင်းကို ကတိပေးပါတယ်ကွာ၊ ငါ အားလုံးကို မေ့ပစ်လိုက်ပါ့မယ်''

ရီဘက်ကာက သက်ပြင်းတစ်ချက် ချလိုက်သည်။

ရော်ဘတ်တိုအေးစစ်သည် မနေ့ညက အိပ်မရသဖြင့် စီးကရက် တစ်လိပ်ပြီး တစ်လိပ် မီးကူးသောက်ရင်း အိပ်ခန်းထဲမှာ လူးလာခေါက်ပြန် လျှောက်နေခဲ့သည်။ အရဏ်တက်မှာ လာကပ်မည့် ပစ်စာသည် သူ့အကြောင်း ဖြစ်မည်မှန်း နည်းနည်းမှ မတွေးမိခဲ့။ ရုတ်တရက် သူ့နားထဲမှာ စာရွက်ဖြန့်သံ၊ နံရံမှာ စာရွက်ကို ကပ်သံတွေကို သူ့အိမ်ရှေ့မှ ကြားလိုက်ရ၏။

သူ အပြင် ကမန်းကတန်း ထွက်ကြည့်တော့ နောက်ကျသွားခဲ့ပြီ။ ပစ်စာသည် နံရံမှာ အောင်အောင်မြင်မြင် ကပ်ပြီးသွားခဲ့ပြီ။ ပြတင်းပေါက်ဖွင့်ကြည့်တော့ မြို့လယ်ရင်ပြင်သည် သုသာန် တစပြင်အလား မှောင်မည်းတိတ်ဆိတ်လျက်။

ထိုအချိန်မှစ၍ ခုနေ့လယ် နှစ်နာရီထိုးချိန် ရီဘက်ကာကို သူ ကတိမပေးမီအထိ သူ့မိန်းမ ရီဘက်ကာသည် နည်းလမ်းမျိုးစုံ သုံး၍ သူ့ကို စိတ်လျှော့ရန် ဖျောင်းဖျနေခဲ့သည်။ မဖျောင်းဖျလို့လည်း မရ။ သူ့ယောကျ်ားသည် သူ့အပေါ် သံသယ ပြင်းပြစွာ ပွားနေသည်ကော။ နောက်ဆုံး သူ အပြစ်ကင်းကြောင်း သက်သေပြသည့်အနေဖြင့် ဆရာတော်အိန်ဂျယ်၏ ရှေ့မှောက်တွင် ကျိန်ဆိုမည်ဟု ဆိုလိုက်မှ ကိစ္စငြိမ်းသွားခဲ့သည်။

ရီဘက်ကာက သူ့မျက်လုံးများကို ဖွင့်မကြည့်ဘဲ-

''ရှင်ဟာ သိပ်သံသယကြီးတာပဲ၊ ရှင် တစ်နေ့ ဒါကြောင့်ပဲ ဒုက္ခလှလှ တွေ့လိမ့်ဦးမယ်'' ဟု ဆိုလိုက်၏။

mgyoe.com

mgyoe.com SAMPLE BOOK

ရော်ဘတ်တိုက အိပ်ခန်းတံခါးကို ဖွင့်ကာ အပြင်သို့ ထွက်၏။ ခုလောက်ဆို အမေကတော့ သူ့အိပ်ခန်းထဲမှာ ပန်ကာဖွင့်ပြီး ဗိမ်ကျနေလောက်ပြီဟု သူ တွေး၏။ ရေခဲသေတ္တာထဲမှ လင်မနစ် တစ်ခွက် သောက်၏။ အိမ်မှ ထမင်းချက် အသားမည်းမကြီးက သူ့ကို အိပ်ချင်မူးတူး မျက်လုံးအစုံဖြင့် လိုက်ကြည့်နေခဲ့သည်။ ပြီးတော့ နေ့လယ်စာ စားတော့မလားဟု ခပ်အေးအေး မေးလိုက်သည်။

ရော်ဘတ်တိုသည် မီးဖိုပေါ်က ဟင်းအိုးကို လှန်လိုက်သည်။ ပွက်ပွက်ဆူနေသည့် ရေဆဲက လိပ်ကောင်လုံးစွပ်ပြုတ်။ ထိုလိပ်သည် ဟင်းအိုးထဲမှာ အသက်များ ရှင်နေသေးသလား။ သူ့ကို စားသောက်ရန် လှီးဖြတ်လိုက်သော အခါ သူ့နှလုံး ခုန်နေတာကို တွေ့နေရဦးမှာလား။

ရော်ဘတ်တိုက ဟင်းအိုးကို ပြန်ပိတ်ရင်း–

"မဆာသေးဘူး၊ သခင်မလည်း စားမှာ မဟုတ်ဘူး၊ သူ ခေါင်းကိုက်နေတယ်"

ဟု ပြောလိုက်သည်။

ရော်ဘတ်တို၏ အိမ်နှင့် သူ့အမေအိမ်တို့သည် ကျောက်တုံးစိမ်းကလေးတွေ ခင်းထားသည့် ဝရန်တာ တစ်ခုတည်းဖြင့် ဆက်သွယ်ထားသော နှစ်အိမ့်တစ်အိမ် ဖြစ်၏။ သူ့အမေ အိမ်ဘက်ခြမ်းမှာ ငှက်လှောင်အိမ်တွေနှင့် ပန်းရောင်စုံ ပွင့်နေသည့် ပန်းအိုး အများအပြား ရှိသည်။

ဆယ့်တစ်နှစ်အရွယ် သူတို့၏သမီးသည် ပက်လက်ကုလားထိုင်ပေါ်တွင် အိပ်နေရာမှ နိုးလာခဲ့သည်။ ရော်ဘတ်တိုက တိုးညင်းစွာဖြင့်–

"သုံးနာရီ ထိုးပြီ၊ ကျောင်းသွားရမယ်၊ ထတော့"

ဟု ပြောလိုက်သည်။

"သမီး ဖန်ကြောင်ကို အိပ်မက်မက်တယ် ဖေဖေ"

ဖန်ကြောင်... ဘာဖန်ကြောင်လဲ။ ရော်ဘတ်တို နားမလည်။

"သမီး ဘာပြောတာလဲ"

"ဖန်နဲ့ လုပ်ထားတဲ့ ကြောင်လေးလေ၊ ဖန်ငှက် မဟုတ်ဘူးနော်၊ ကြောင်၊ ကြောင်"

ရော်ဘတ်တိုသည် ထိုစကားကို ကြားသောအခါ နေ့ခင်းကြောင်တောင် စိတ္တဇမြို့တော်ကြီး တစ်ခုမှာ လမ်းပျောက်နေသူလို ခံစားလိုက်ရသည်။

"မေ့လိုက်ပါ သမီးရယ်၊ ဘာမှလည်း မဟုတ်ဘဲနဲ့"

mgyoe.com

mgyoe.com SAMPLE BOOK

ထိုအခိုက် တစ်ဖက်အိမ်မှ သူ့မိခင် ထွက်လာသည်ကို တွေ့လိုက်ရသည်။

''အမေ့ ကြည့်ရတာ နေလို့ ကောင်းနေပုံပဲ''

မုဆိုးမကြီး အေးစစ်က သူ့သား၏ စကားကို ခါးသက်သက် တုံ့ပြန်ခဲ့၏။

''အေးဟေ့၊ တစ်နေ့တခြား နေလို့ ကောင်းကောင်းလာလိုက်တာ ရွှေးကောက်ပွဲနေ့ဆိုရင် ငါ မဲတောင် သွားပေးနိုင်တော့မယ် ထင်တယ်''

အဘွားကြီးက ထိုသို့ ပြောလိုက်ရင်း ဆံပင်ဖြူတွေကို ကုတ်ဖွကာ ငှက်လှောင်အိမ်များထဲမှ ရေခွက်တွေကို ရေဖြည့်နေခဲ့သည်။

ရော်ဘတ်တိုအေးစစ်သည် သူ့သမီး အိပ်ခဲ့သည့် ပက်လက်ကုလားထိုင်ပေါ်သို့ ခြေပစ် လက်ပစ် ထိုင်ချလိုက်သည်။ လက်နှစ်ဖက် ယှက်ကာ ခေါင်းအုံးရင်း ပိန်ညှော်ညှော် သူ့အမေတစ်ယောက် ငှက်တွေနှင့် စကားပြောနေသည်ကို သူ လိုက်ကြည့်နေခဲ့သည်။ ငှက်တွေသည် ရေထဲမှာ လူးလိုက်၊ အတောင် တဖျပ်ဖျပ် ခတ်လိုက် လုပ်နေသောကြောင့် သူ့အမေမျက်နှာမှာ ရေစက်တွေ စဉ်ကုန်၏။

ထိုအလုပ် ပြီးသွားချိန်မှာတော့ မုဆိုးမကြီး အေးစစ်သည် သူ့သား အနားသို့ ရောက်လာခဲ့သည်။

''မင်း အလုပ်မသွားဘူးလား''

''မသွားတော့ဘူး အမေ၊ ဒီမှာ လုပ်စရာလေးတွေ ရှိနေလို့''

''ဒါဆို တနင်္လာနေ့အထိ မင်း အလုပ်မသွားဘူးပေါ့''

သူက ဟုတ်မှန်ကြောင်း မျက်လုံးများဖြင့် အချက်ပြလိုက်သည်။ ထိုအချိန်မှာ အစေခံ ကပ္ပလီမကြီးသည် ကလေးကို ကျောင်းလိုက်ပို့ရန် ထွက်ခွာသွား၏။ မုဆိုးမကြီး အေးစစ်က သူတို့ကို မျက်စိတစ်ဆုံး လိုက်ကြည့်နေ၏။ ပြီးတော့ သူ့သား ရော်ဘတ်တိုကို ပန်ကာဖွင့်ထားသော သူ့အိပ်ခန်းဆီသို့ ခေါ်သွားခဲ့၏။ ပန်ကာနားက မီးကျိုးမောင်းပျက် လှုပ်ကုလားထိုင်ကြီးပေါ် သူ ထိုင်ချလိုက်၏။ နံရံဖြူဖြူပေါ်မှာတော့ ကြေးဘောင်ကွပ်ထားသည့် ရှေးဓာတ်ပုံများ ချိတ်ဆွဲထား၏။ ထိုဓာတ်ပုံများထဲမှ သူ့ယောက်ျားကား မရှိရှာလေတော့။ ရော်ဘတ်တိုအေးစစ်မှတစ်ပါး ကျန်သားများက အဝေးမှာ။

အဘွားကြီး အေးစစ်က သူ့သားကို မေး၏။

''မင်း ဘာဖြစ်နေတာလဲ''

ရော်ဘတ်တိုက သူ့အမေကို ပြန်ကြည့်ရင်း–

mgyoe.com

mgyoe.com

''လူတွေ ပြောတာ အမေက ယုံလား''

ဟု ပြန်မေး၏။

''ဟဲ့- ငါ့အရွယ်လောက် ရောက်ကြည့်၊ မင်း ဘာမဆို ယုံလာလိမ့်မယ်၊ ဒါနဲ့ လူတွေက ဘာပြောနေလို့တုံး''

''ရိဘက်ကာ အစွဘယ်ဟာ ကျွန်တော့်သမီး မဟုတ်ဘူးတဲ့''

အဘွားကြီးအေးစစ်က ကုလားထိုင်ကြီးကို လှုပ်ရင်း-

''ဟဲ့- ငါ့မြေးမှာ အေးစစ် မျိုးနွယ်တွေရဲ့ မူပိုင် နှာခေါင်း ပါတာပဲ၊ နေစမ်းပါဦး၊ ဘယ်သူက ပြောတာလဲ''

ရော်ဘတ်တို အေးစစ်က ကလေးငယ်ပမာ လက်သည်းများကို ကိုက်ရင်း-

''ပစ်စာထဲမှာ ရေးထားတာ''

ဟု ပြန်ပြောလိုက်သည်။

ထိုအခါကျမှပင် သူ့သား အမူအရာ ပျက်နေခြင်းမှာ အိပ်ရေးပျက်ခြင်းကြောင့်လည်း မဟုတ်၊ အပျင်းထူခြင်းကြောင့်လည်း မဟုတ်မှန်း အဘွားကြီး အေးစစ် အသေအချာ သိတော့သည်။

''ပစ်စာက လူမှ မဟုတ်ဘဲကွယ်''

''ဒါပေမဲ့ လူတွေ ပြောနေတာကို ရေးထားတာလေ အမေ''

အဘွားကြီး အေးစစ် သက်ပြင်းချလိုက်သည်။ သူ့မိသားစုနှင့် ပတ်သက်၍ ဒီမြို့ကလူတွေ နှစ်ပေါင်းများစွာ ပြောဆိုနေခဲ့ကြသည်ကို သူ အားလုံး သိပါ၏။ သူ့အိမ်လိုမျိုး အိမ်စေတွေ အများကြီး၊ မိဘမဲ့ ကလေးတွေ တစ်လှေကြီးနှင့် မ တစ်ထောင်သားတို့ အိမ်မျိုးတွင် အတင်းအဖျင်း သတင်းဆိုတာက ထွက်ပေါ်မြဲ။ အေးစစ်မျိုးနွယ်၊ ဤမြို့ကို ထူထောင်ကြသူများ၊ ခြင်ကိုက်တာ သွေးချိုလို့ ဆိုသကဲ့သို့ သူတို့ မျိုးဆက်သွေးသည် အတင်းပြောတတ်သူများ အတွက် ချိုမြလွန်းနေပုံရ၏။ မုဆိုးမကြီး အေးစစ်က ပြောလိုက်၏။

''ပစ်စာမှာ ပါတိုင်းလည်း မှန်တာ မဟုတ်ပါဘူးကွယ်''

''ဒါပေမဲ့ ရိုဆာရို မွန်တဲရိုးဟာ ပက်စတာနဲ့ နှစ်ပါးသွားနေခဲ့တယ်ဆိုတာ လူတိုင်း သိတယ်လေ အမေ၊ သူ နောက်ဆုံး စပ်ခဲ့တဲ့ သီချင်းက ရိုဆာရို မွန်တဲရိုးကို ရည်စူးပြီး ရေးထားတာတဲ့''

''လူတိုင်းကတော့ ဒီလို ပြောကြတာပဲ၊ ဒါပေမဲ့ ဘယ်သူမှ သေချာ မသိပါဘူးလေ''

mgyoe.com

မုဆိုးမကြီး အေးစစ်က ပြောလိုက်၏။

“ခုကျတော့ ဒီသီချင်းဟာ မားဂေ့ ရာမီးရက်ဇ်အတွက် စပ်တာ ဆိုပြီး ပြောကြပြန်ရော၊ မားဂေ့ ရာမီးရက်ဇ်နဲ့ ပက်စတာဟာ မကြာခင် လက်ထပ်တော့မှာတဲ့။ ကာယကံရှင်တွေအပြင် ပက်စတာ့အမေ တစ်ယောက်ပဲ ဒီအကြောင်းကို သိသတဲ့၊ သူတို့ အစကတည်းက လျှို့ဝှက်မနေဘဲ ပြောင်ပြောင်တင်းတင်း လုပ်ကြရင် ခုလို ကိစ္စမျိုး ဘယ်ဖြစ်လိမ့်မလဲကွယ်”

ရော်ဘတ်တို အေးစစ်က သူ့အမေကို ကြည့်လိုက်ပြီး–

“မနက်က ပစ်စာကို ဖတ်ပြီးပြီးချင်းတော့ ကျွန်တော် သေသွားရင် ကောင်းမယ် ဆိုတဲ့ စိတ်မျိုး ဖြစ်လာခဲ့တယ် အမေ”

“အေး– တို့ အေးစစ်တွေက အူတိုမျိုးတွေကွဲ့၊ ဒါကြောင့်လည်း ဒီအိမ်ဟာ အမြဲ ဂြိုဟ်ဆိုး ဝင်နေတာပေါ့”

သားအမိနှစ်ယောက် ပြောစရာ စကား မရှိကြတော့သလို အတန်ကြာ တိတ်ဆိတ်သွားခဲ့ကြသည်။ ညနေ လေးနာရီ ထိုးလုပြီ။ အပူရှိန်ကလည်း လျော့ကျလာခဲ့ပြီ။ တစ်မြို့လုံးသည် လူသံ၊ ငှက်သံ တည့်ညံ့နှင့် ပြန်လည် နိုးထလာခဲ့သည်။ ရော်ဘတ်တို အေးစစ်သည် ပန်ကာကို ပိတ်လိုက်၏။

“စားပွဲပေါ်က ရေပုလင်း ကမ်းလိုက်စမ်း”

အမေ အေးစစ်သည် ပုလဲလုံးသဖွယ် လုံးဝန်းနေသည့် မီးခိုးရောင် ဆေးနှစ်လုံးကို ထုတ်ကာ သောက်လိုက်ပြီး ရေပုလင်းကို သား အေးစစ်ထံ ပြန်ပေးကာ–

“ဆေးနှစ်လုံး သောက်ထားလိုက်ကွဲ့၊ ဒါမှ မင်းကောင်းကောင်း အိပ်ပျော်မှာ”

ဟု သူ့သားကို အကြံပေးလိုက်သည်။ ရော်ဘတ်တို အေးစစ်သည် ဆေးနှစ်လုံးကို သောက်ချလိုက်ပြီးနောက် အိပ်ရာပေါ် လှဲချလိုက်လေသည်။

အမေကြီး အေးစစ်က သက်ပြင်းရှည်ကြီး တစ်ချက်ကို ချလိုက်၏။ သူ အတွေးရေယဉ်ကြောမှာ ဒီမြို့အကြောင်းကို တွေးရင်း နစ်မြောနေခဲ့သည်။

သူက–

“ယောကျ်ားတစ်ယောက် တောလိုက်ထွက်ရင် အိမ်မှာ မိန်းမက တစ်ယောက်တည်း ကျန်ရစ်ခဲ့ရှာတာလေ၊ ဒီမြို့မှာ အဆိုးဆုံး အချက်က ဒါပဲ”

mgyoe.com

ဟု ပြောလိုက်သော်လည်း သူ့သား အေးစစ်မှာ အိပ်ပျော်သွားခဲ့ပြီမို့ သူ ပြောတာကို မကြားနိုင်တော့ပြီ။ မုဆိုးမကြီးသည် သားဖြစ်သူ၏ မျက်နှာကို ငေးကြည့်နေခဲ့သည်။ မုတ်ဆိတ်တို့က ဗရပျစ်၊ အေးစစ် နှာခေါင်းဟု သူ ပြောခဲ့သည့် နှာခေါင်းက တစ်ဆစ်ကျိုး ခပ်ရှည်ရှည်။ သားမျက်နှာကို ကြည့်ရင်း လွန်လေပြီးသော ခင်ပွန်းသည်ကို သူ သတိရ၏။

ဩော်- အဒယ်လ်ဘာတို အေးစစ်။ တစ်သက်လုံး အလုပ်နှင့်လက် မပြတ်ခဲ့ရသည့် ဧရာမ ထင်းခုတ်သမားကြီး။ သူ့ဘဝမှာ ဝတ်ကောင်းစားလှ ဆို၍ ခု နံရံပေါ်မှာ ချိတ်ထားသည့် ဓာတ်ပုံတွေ ရိုက်ကူးစဉ် ဆယ့်ငါးမိနစ်မျှ သော အချိန်လောက်သာ ဝတ်ဆင်ဖူးခဲ့ရှာသည်။

သူ့အကြောင်း လူတွေ ပြောပုံက သူသည် သူ့အိပ်ခန်းထဲမှာ သူ့မိန်းမကို ကြာခိုနေသည့် ကြာကူလီကောင်ကို ဓားနှင့် ထိုးသတ်ပြီး ခြံဝင်းထဲတွင် အလောင်းကို တိတ်တဆိတ် မြှုပ်နှံခဲ့သည်တဲ့။

အမှန်တရားကား သူတို့ ပြောကြသည်နှင့် ကွာခြားလွန်းလှသည်။ အဒယ်လ်ဘာတို အေးစစ်သည် သူ့အိပ်ခန်း ထုပ်တန်းပေါ်မှာ ထိုင်ရင်း သူ့မိန်းမ အဝတ်လဲနေသည်ကို မျက်လုံးပြူးကြီးနှင့် ကြည့်ကာ တဏှာတရား ပွားများနေ သည့် မျောက်တစ်ကောင်ကို နှစ်လုံးပြူးဖြင့် ပစ်သတ်ခဲ့ခြင်းသာ ဖြစ်၏။ ထိုအဖြစ်မှန်ကို မည်သူ့ကိုမှ မရှင်းပြခဲ့ဘဲ နောင်နှစ်ပေါင်း လေးဆယ်အကြာ တွင် သူ သေဆုံးခဲ့ရှာသည်။

◖◗

ဆရာတော်အိန်ဂျယ်သည် လက်ရန်း မပါသည့် မတ်စောက်စောက် လှေကားထစ်များကို ကြိုးစား တက်တော်မူနေသည်။ ဒုတိယထပ် လှူသွားစင်္ကြံ အဆုံးရှိ သေနတ်နှင့် ကျည်ခါးပတ်များ နံရံတွင် ချိတ်ဆွဲထားသည့် အခန်းတစ်ခု မှာတော့ ရဲသားတစ်ယောက်သည် ကြိုးခုတင်ပေါ် လဲလျောင်းပြီး စာအုပ် တစ်အုပ်တွင် မျက်နှာအပ်ထားခဲ့သည်။ သူသည် ဆရာတော် နှုတ်မဆက်မချင်း သူ့နား ရောက်နေသည်ကို မသိလောက်အောင် စာထဲတွင် စိတ်ဝင်စားနေပုံ ရ၏။ သူက ဖတ်လက်စ မဂ္ဂဇင်းကို လိပ်ကာ ကြိုးခုတင်ပေါ် လူးလဲ ထိုင်လိုက် သည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဘာတွေ ဖတ်နေတုံးကွဲ့"

ဆရာတော် အိန်ဂျယ်က သူ့ကို မေးလိုက်သည်။

ရဲသားက မဂ္ဂဇင်းကို ပြရင်းက–

"တယ်ရီနဲ့ ပင်လယ်ဓားပြတွေ အကြောင်းပါ ဆရာတော်"

ဟု ပြန်ဖြေလိုက်သည်။

ဆရာတော်သည် ပြတင်းပေါက် အလျှင်းမရှိဘဲ သံတိုင် အတုတ်ကြီးတွေ စိုက်ကာထားသည့် အချုပ်ခန်း သုံးခန်းကို ဝေ့ကြည့်လိုက်၏။ အလယ်က အချုပ်ခန်းထဲတွင် ကြိုးခုတင် ဆင်ကာ ဘောင်းဘီတိုကလေးဖြင့် အိပ်မောကျနေသည့် ရဲတစ်ယောက်မှတစ်ပါး အချုပ်ခန်းများမှာ အကျဉ်းသား မရှိ။ ဆရာတော်က ဆီဆာမွန်တဲရီးအကြောင်း မေး၏။ ရဲသားသည် ပိတ်ထားသော အခန်းတံခါးကို မေးငေါ့ပြရင်း–

"သူ့ကို ဟိုအခန်းထဲမှာ ထားတယ် ဘုရား"

ဟု ဖြေလိုက်သည်။

"အိမ်း– သူနဲ့ စကားပြောချင်သကွဲ့"

"သူက ခုထိ ဘာတစ်ခွန်းမှ မပြောဘူး ဘုရား"

ဆရာတော် အိန်ဂျယ်သည် ရဲသားနှင့် အတိုက်အခံ လုပ်၍ ပြောမနေတော့။ သူ ကောင်းကောင်းမွန်မွန် နေရခြင်း ရှိ၊ မရှိသာ မေးမြန်းတော်မူ၏။ ရဲသားကလည်း သူ့ကို အကောင်းဆုံး ရေစုံ မီးစုံ အခန်းကို ပေးထားကြောင်း သို့သော် အစာလည်း မစား၊ စကားလည်း မပြော၊ အိပ်လည်း မအိပ်သည်မှာ နှစ်ဆယ့်လေးနာရီ ရှိပြီ ဖြစ်ကြောင်း၊ မြို့တော်ဝန်က ဟိုတယ်မှ အကောင်းစား အစားအသောက်တွေ မှာကျွေးတာကိုတောင် လှည့်မကြည့်ကြောင်း လျှောက်ထား၏။

"သူ့အိမ်က အစားအသောက် ယူပေးလိုက်လေကွယ်"

"သူ့မိန်းမကို ဒုက္ခမပေးချင်ဘူးတဲ့ ဘုရား"

"အင်း– ဒီအတိုင်း ဆိုရင်တော့ မဖြစ်သေးပါဘူး။ မြို့ဝန်ကို ပြောဦးမှပါပဲ"

ဆရာတော်အိန်ဂျယ်သည် တစ်ကိုယ်တည်း ခပ်ညည်းညည်း ပြောလိုက်ပြီး ကျည်လုံခန်းအဖြစ် ပြောင်းလဲ တည်ဆောက်နေသည့် မြို့တော်ဝန်၏ ရုံးခန်းထဲသို့ ဝင်ရန် ဟန်ပြင်လိုက်၏။

mgyoe.com

mgyoe.com SAMPLE BOOK

"မြို့ဝန်မင်း မရှိဘူး ဘုရား၊ သွားကိုက်လို့ ရုံးမတက်နိုင်တာ နှစ်ရက်တောင် ရှိပြီ ဘုရား"

ဟု ရဲသားကလေးက လျှောက်လိုက်သည်။

ဤသို့ဖြင့် ဆရာတော် အိန်ဂျယ်သည် မြို့ဝန်မင်း အိမ်သို့ အလည်အပတ် သွားရောက်တော်မူခဲ့ရသည်။ မြို့ဝန်မင်းသည် ကြိုးခုတင်ပေါ်မှာ မသက်မသာ လဲလျောင်းနေ၏။ အနားက ကုလားထိုင်ပေါ်မှာတော့ ဆားရည်တစ်အိုး၊ အကိုက်အခဲပျောက်ဆေး အချို့နှင့် ခြောက်လုံးပြူး၊ ကျည်ခါးပတ်တို့ ရှိနေကြ၏။ သူ့ပါးတစ်ဖက်သည် ဖူးဖူးရောင်လျက် ရှိသည်။ ဆရာတော်သည် ကုလားထိုင် တစ်လုံး ဆွဲကာ မြို့ဝန်မင်း၏ ကြိုးခုတင်နားတွင် ချကာ ထိုင်၏။

"ဒီလောက်တောင် ဖြစ်နေတာ သွားနုတ်ပစ်လိုက်ပါလားကွဲ့"

မြို့တော်ဝန်က ဆားရည် တစ်ငုံ ပလုတ်ကျင်းကာ သွားထွေးရင်း–

"သွားနုတ်ဖို့ဆိုတာ အပြောပဲ လွယ်တာ ဘုရား"

ဟု ဗလုံးဗထွေး ပြောလိုက်သည်။ ဆရာတော်အိန်ဂျယ်ကတော့ သူ ဆိုလိုသည်ကို ကောင်းစွာ နားလည်တော်မူ၏။ သူက အသံတိုးတိုးဖြင့်–

"မြို့ဝန်မင်း ခွင့်ပြုမယ်ဆိုရင် ကိုယ်တော် သွားစိုက်ဆရာကို ပင့်လာပေးမယ်လေ"

ဆရာတော်က အသက်ပြင်းပြင်း တစ်ချက် ရှူလိုက်ရင်း–

"သူက– သူက– နားလည်မှု ရှိတဲ့လူပါ"

ဟု ဆိုလိုက်သည်။

မြို့တော်ဝန်ကတော့–

"မဖြစ်နိုင်ပါဘူး ဘုရား၊ ဒီမြည်းလိုလူက ပါးစပ်နဲ့ ပြောလို့ ရမှာမဟုတ်ဘူး၊ ကျည်ဆန်နဲ့ စကားပြောမှ ရမယ့်လူ ဘုရား၊ ဒါဆို တပည့်တော်တို့အားလုံး စလုံးရေ စ ကြရဦးပြန်တော့မှာ"

မြို့ဝန်မင်းသည် သူ၏ ရောင်ကိုင်းနေသည့် ပါးတစ်ဖက်ကို ရေအေးအေးတွင် နှစ်ထားလိုက်ပြန်သည်။ ခဏတော့ သက်သာသွားပုံရ၏။ ထို့နောက် အကိုက်အခဲပျောက်ဆေး တစ်လုံးကို သောက်ပြန်၏။

"ကိုယ်တော် သွားစိုက်ဆရာကို ကိုယ်တိုင် သွားပြောပေးပါ့မယ်"

မြို့ဝန်မင်း စိတ်မရှည်လေတော့။

"လုပ်ချင်တာသာ လုပ်တော်မူပါတော့ ဘုရား"

mgyoe.com

mgyoe.com

သူက ကြိုးခုတင်ပေါ်တွင် မှောက်ခုံကြီး လုပ်ရင်း မျက်စိများကို ပိတ်ကာ အသက်မှန်မှန် ရှုနေခဲ့သည်။ နာကျင်ခြင်း ဝေဒနာသည် တဖြည်းဖြည်း လျော့ပါး သက်သာလာခဲ့၏။ သူ မျက်စိ ပြန်ဖွင့်လိုက်တော့ ဆရာတော်အိန်ဂျယ်သည် ကုလားထိုင်မှာ ထိုင်မြဲတိုင်း ထိုင်ရင်း သူ့ကို စိုက်ကြည့်တော်မူနေခဲ့သည်။

"ဆရာတော် ဘာကိစ္စ ရှိသေးလို့လဲ"

"ဆိဆာမွန်တဲရီး ကိစ္စလေ၊ သူ အပြစ်ဝန်ခံဖို့ လိုသေးတယ်လေ"

"သူက ခု စကားတစ်လုံးမှ မပြောဘူး ကိုယ်တော်၊ မနက်ဖြန် ပဏာမ ကြားနာခြင်းပြီးရင်း ကိုယ်တော် သူနဲ့တွေ့ပြီး ဝန်ခံအောင် လုပ်ပေါ့။ တနင်္လာနေ့ ဆိုရင်တော့ သူ သွားရမှာပဲ"

"ဒါဆို လေးဆယ့်ရှစ်နာရီပဲ သူ့အတွက် ကျန်တော့တာပေါ့"

"တပည့်တော်အတွက်တော့ ဒီသွားက နှစ်ပတ်လုံးလုံး ဒုက္ခပေးပြီးပြီ ဘုရား"

မှောင်စပျိုးလာသည်နှင့် တစ်ပြိုင်နက် ခြင်တို့၏ တဝီဝီ အော်သံများ ဟိုမှ သည်မှ စီစီညံညံ ထွက်ပေါ်လာခဲ့သည်။ ဆရာတော်သည် ပြတင်းပေါက်မှ တစ်ဆင့် ပြင်ပလောက ဩကာသကို ငေးမောကာ ကြည့်လိုက်သည်။ မြစ်ပြင် ထက်မှာ ပုစွန်ဆီရောင် တိမ်တစ်အုပ် မျောလွင့်လို့ နေခဲ့သည်။

"အစာ မစားဘူးဆို"

"အင်း- တပည့်တော်လည်း တတ်နိုင်သမျှ လုပ်ပေးတာပဲ ဘုရား။ အိမ်က မှာပေးရမလား ဆိုတော့လည်း သူ့မိန်းမကို ဒုက္ခမပေးချင်ဘူးတဲ့။ ဟိုတယ်က မှာကျွေးတော့လည်း မစားချင်ဘူးတဲ့"

မြို့ဝန်မင်းသည် အခန်းကို ခြင်ဆေး လှိုင်လှိုင်ဖျန်း၏။ ဆရာတော်သည် နှာမချေ၊ ချောင်းမဆိုးစေဖို့အရေး လက်ကိုင်ပဝါကို စမ်း၏။ အိတ်ထဲမှာ လက်ကိုင်ပဝါ မရှိ၊ တွန့်ကြေနေသည့် စာတစ်စောင်သာ ရှိနေခဲ့သည်။ ဆရာတော်သည် စာကို ထုတ်ပြီး သပ်ရပ်အောင် လက်ဖဝါးဖြင့် ဖိကာ ဖြန့်ပြီးမှ နှာခေါင်းကို အုပ်တော်မူ၏။ မြို့ဝန်မင်းက ခြင်ဆေးဖျန်းခြင်း အမှုကို အလိုက်တသိဖြင့် ခဏ ရပ်ပေးထား၏။ သို့သော် အကြောင်းက မထူး။ နှာ နှစ်ချက် ဆက်တိုက် ချေတော်မူ၏။ မြို့ဝန်မင်းက မခို့တရို့ ပြုံးလိုက်ရင်း-

"အားရပါးရသာ ချေချလိုက် ဆရာတော်၊ တပည့်တော်တို့အားလုံး ခု ဒီမိုကရေစီစနစ် ဆိုသဟာကြီးအောက်မှာ နေနေရတာ ဆိုတော့ စိတ်ထင် တိုင်းသာ ချေတော်မူပါ ဘုရား"

mgyoe.com

SAMPLE BOOK


ဟု ပြောလိုက်၏။

ဆရာတော်က မြို့ဝန်မင်း၏ စကားကြောင့် ပြုံးတော်မူ၏။ အိတ်ပိတ်ထားသည့် စာတစ်စောင်ကို မြို့ဝန်မင်းကို ပြပြီး–

''ဒီစာ ထည့်ဖို့ မေ့သွားတယ်''

ဟု ပြော၏။ လက်ကိုင်ပဝါက ခုမှ တွေ့သည်။ ဆရာတော်သည် လက်ကိုင်ပဝါထဲသို့ အားပါးတရ ဒီမိုကရေစီကျကျ နှပ်ညှစ်ထည့်၏။ သို့သော် ဆီဆာ မွန်တဲရီးက သူ့ခေါင်းထဲမှ မထွက်။

''ခု ဘာမှ မစားတော့ ဘယ်လို လုပ်မလဲ''

''ဘယ်လိုမှ လုပ်မရဘူးလေ ကိုယ်တော်၊ တပည့်တော်တို့က သူ့ပါးစပ် အတင်းဖြဲပြီး ကျွေးလို့မှ မရဘဲ ဘုရား''

''အေးလေ၊ ကိုယ်တော်ကတော့ သူ အမှား၊ အမှန်ကို ကောင်းကောင်းကြီး ခွဲခြားတတ်တယ်လို့ ထင်တာပဲ''

ဆရာတော်သည် ခန်းလုံးပတ်လည် ခြင်ဆေးလှည့်ဖျန်းနေသည့် မြို့တော်ဝန်ကို ထက်ကြပ်မကွာ လိုက်လံ ကြည့်ရှုနေခဲ့သည်။ ပြီးတော့မှ–

''သူ လုပ်ခဲ့တဲ့ ကိစ္စအတွက် သူ သေစားသေစေ အပြစ်ဒဏ် ချမှတ်ခံရမှန်း သိရင် သူ တော်တော် စိတ်ပျက်မယ် ထင်တယ်''

မြို့တော်ဝန်က ခြင်ဆေးဘူးကို ကြမ်းပေါ် ချလိုက်ပြီး–

''ပက်စတာကို လူတိုင်း ချစ်ကြတာ သူ ကောင်းကောင်းကြီး သိပါလိမ့်မယ်'

''ဆီဆာမွန်တဲရီးကိုလည်း လူတိုင်း ချစ်ကြတာပါပဲလေ''

''ဒါပေမဲ့ သေသူက ပက်စတာလေ ဘုရား''

''အင်း– ပက်စတာ၊ ပက်စတာ၊ သူ့မှာ အပြစ်ဝန်ခံဖို့ အချိန်ရှိမသွားရှာဘူးနော်''

ဆရာတော်က မြည်တမ်း ညည်းတွားလိုက်၏။ မြို့တော်ဝန်က ကြိုးခုတင်ပေါ် ပြန်မတက်မီ မီးအိမ်ကို ထွန်း၏။

''မနက်ဖြန် တပည့်တော် ကောင်းသွားမှာပါ ဘုရား၊ လုပ်စရာရှိတာ လုပ်ပြီးရင် အရှင်ဘုရား အလုပ်စပေါ့၊ ဟုတ်ပြီနော်''

ဆရာတော် အိန်ဂျယ်က သဘောတူလိုက်၏။

''တကယ်တော့ သူ့အတွက်ပါပဲ၊ သူ့အတွက်ပါပဲလေ''

mgyoe.com